ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့ တွင် စတင် တည်ထောင်သည်။ Established in 1957

**ကပ်ငြိတွယ်တာမှုမရှိ**

လာကြကုန်လော့(ရတနာခုနစ်ပါးဖြင့်) ဆန်းကြယ်သော မင်းစီးရထားလျှင် ဥပမာရှိသော (အဝတ်တန်ဆာတို့ဖြင့်)ဆန်းကြယ်သော ဤခန္ဓာငါးပါးတည်းဟူသော လောကကို ရှုကြကုန်လော့။ ယင်းလောက၌ မိုက်သူတို့သည် ခန္ဓာငါးပါး၌ နစ်မြုပ်ကုန်၏။ ပညာရှိတို့အား ခန္ဓာငါးပါး ကပ်ငြိတွယ်တာမှုသည်မရှိ။ လောကဝဂ်(ဓမ္မပဒ-၁၇၁)

၁၃၈၀ ပြည့်နှစ် တပေါင်းလပြည့်ကျော် ၈ ရက်၊ ကြာသပတေးနေ့။ Thursday, 28 March 2019 ၉၆၀၄

# (၇၄) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား ကျင်းပ



နေပြည်တော် မတ် ၂၇

**၂၀၁၉ ခုနှစ် (၇၄)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်စစ်ရေးပြကွင်းကြီး၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သိုရိပုံ့ချို စိုးဝင်း တက်ရောက်မိန့်ခွန်းပြောကြားသည်။**

(၇၄)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်ကြမည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့် လက်ရုံးတပ်ဖွဲ့တို့မှ စစ်သည်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) အမျိုးသမီးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အမျိုးသမီးကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အမျိုးသားကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အထူးတာဝန်တပ်ဖွဲ့အမျိုးသမီးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်မတော်(ရေ) အထူးတပ်ဖွဲ့ကိုယ်စားပြု စစ်ရေးပြတပ်ခွဲတို့သည် စစ်ကြောင်းကြီးများအလိုက် ယနေ့နံနက် ၅ နာရီတွင် သစ်တပ်စစ်ရေးပြကွင်းသို့ စတင်စုရုံးရောက်ရှိနေရာယူကြပြီး နေပြည်တော်စစ်ရေးပြကွင်းကြီးသို့ ချီတက်ကြသည်။

**ဂုဏ်ပြုပန်းကုံးများစွပ်**

စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်ဇော်ဟိန်း ဦးဆောင်သည့် အနော်ရထာစစ်ကြောင်း၊ ကျန်စစ်သားစစ်ကြောင်း၊ ဘုရင့်နောင်စစ်ကြောင်း၊ အောင်ဇေယျစစ်ကြောင်း၊ ဆင်ဖြူရှင်စစ်ကြောင်း၊ ဗန္ဓုလစစ်ကြောင်းနှင့် မြဝတီစစ်ကြောင်းများသည် စစ်ရေးပြကွင်းကြီးသို့ ချီတက်လာစဉ် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့ »»»**

**“တပ်မတော်အနေဖြင့် ၂၀၂၀ ပြည့်နှစ်တွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ပြီးမြောက်စေရေး၊ တိုင်းရင်းသား ပြည်သူလူထုက လိုလားတောင့်တနေသော ထာဝရငြိမ်းချမ်းရေးကို ပြည်သူလက်သို့ အရောက်အပ်နှင်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်”**

(၇၄)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သိုရိပုံ့ချို စိုးဝင်းအား စစ်ကြောင်းကြီးများက ချီတက်အလေးပြုကြစဉ်။






ကြေးမုံ

# ဖွံ့ဖြိုးဆဲနိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရေး

စီးပွားရေးနှေးကွေးမှုဖြစ်စဉ်မှနေ၍ ကမ္ဘာ့နိုင်ငံများက ပြန်လည်ရုန်းထရန် ကြိုးပမ်းနေချိန် အာရှတိုက်တွင် ခိုင်မာပြီး ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုရရှိရန် အာရှနိုင်ငံများ၏ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (SME) အနေဖြင့် နိုင်ငံတကာလုပ်ငန်းများနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိလာစေရန် ပုဂ္ဂလိကဘဏ္ဍာငွေကြေးရင်းနှီးမြှုပ်နှံမှုများ လိုအပ်ကြောင်း ADB မှ ထုတ်ပြန်သော အစီရင်ခံစာတွင် ဆိုထားပါသည်။

အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသည် ဖွံ့ဖြိုးဆဲနိုင်ငံများ စီးပွားရေးပြန်လည်ရုန်းထရန်အတွက် အဓိကကျသော တွန်းအားတစ်ရပ်ဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံအနေဖြင့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ တိုးတက်လာအောင် နိုင်ငံတော်က ဦးဆောင်ပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထိုသို့ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံတကာဈေးကွက်သို့ ဝင်ရောက်ထိုးဖောက်နိုင်ရန် ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်သည်။

အာရှတိုက်ရှိ ဖွံ့ဖြိုးဆဲနိုင်ငံ ၂၀ တွင် မြန်မာနိုင်ငံလည်း ပါဝင်ပြီး ယင်းနိုင်ငံများကို ဆန်းစစ်လေ့လာထားမှုအရ မှတ်ပုံတင်ထားသော လုပ်ငန်းများ၏ ၉၆ ရာခိုင်နှုန်းမှာ SME လုပ်ငန်းများဖြစ်ပြီး ယင်းတို့တွင် လုပ်သားထု၏ ၆၂ ရာခိုင်နှုန်းကို ခန့်အပ်ထားနိုင်ကြောင်း သိရသည်။ SME လုပ်ငန်းများ နိုင်ငံတကာဈေးကွက်နှင့် ချိတ်ဆက်နိုင်ရန်၊ ယှဉ်ပြိုင်နိုင်စွမ်း ပိုမိုတိုးတက်လာစေရန် ဒေသတွင်းရှိ နိုင်ငံအစိုးရများအနေဖြင့် ယင်းတို့ကို ကူညီထောက်ပံ့မှုများပြုလုပ်ရန် လိုအပ်ပါသည်။ SME လုပ်ငန်းများသည် ငွေကြေးအရင်းအနှီးအသစ်များကို လွယ်လင့်တကူ လက်လှမ်းမီစေရန် နိုင်ငံအစိုးရတို့က အကူအညီပေးခြင်းတို့ လိုအပ်ပါသည်။

မကြာသေးမီက အာဂျင်တီးနားသမ္မတနိုင်ငံ ဗျူနိုအေးရိစ်မြို့တွင် ဒုတိယအကြိမ်မြောက် ဖွံ့ဖြိုးဆဲနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကုလသမဂ္ဂညီလာခံကျင်းပခဲ့ပြီး ညီလာခံသို့ မြန်မာနိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့သည်။ အဆိုပါညီလာခံသည် ၁၉၇၈ ခုနှစ်က ကုလသမဂ္ဂညီလာခံက ချမှတ်ခဲ့သည့် ဖွံ့ဖြိုးဆဲနိုင်ငံများအကြား နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အကောင်အထည်ဖော်ရေးနှင့် မြှင့်တင်ဆောင်ရွက်ရေးအတွက် နှစ်ပေါင်း ၄၀ ကြာပြီးနောက် ထပ်မံအသက်ဝင်လှုပ်ရှားလာမှုဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် အစောပိုင်းကာလတွင် မဖွံ့ဖြိုးသေးသောနိုင်ငံအဖြစ် ရပ်တည်ခဲ့ပြီးနောက် လက်ရှိကာလတွင် နိုင်ငံစီးပွားရေး ပြန်လည်ဖွံ့ဖြိုးလာသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်လာခဲ့သည်။ ယခုအခါ ဖွံ့ဖြိုးဆဲနိုင်ငံများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ၂၀၃၀ အာဂျင်ဒါအကောင်အထည်ဖော်ရေးအတွက် ဖွံ့ဖြိုးဆဲနိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်မြင့်မားလာခဲ့သည်။


မြန်မာနိုင်ငံသည် အဆိုပါအာဂျင်ဒါအောင်မြင်ရေးအတွက် ကတိကဝတ်ပြုထားသည့်အပြင် မြန်မာနိုင်ငံတွင်လည်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (၂၀၁၈-၂၀၃၀)အား ချမှတ်ကာ အမျိုးသားအဆင့် ကြိုးပမ်းအားထုတ်မှုများ ပြုလုပ်လျက်ရှိသည်။ ယင်းစီမံကိန်းသည် မြန်မာပြည်သူပြည်သားအားလုံး ငြိမ်းချမ်းမှု၊ သဟဇာတဖြစ်မှု၊ သာယာဝပြောမှုတို့ဖြင့် နေထိုင်နိုင်မည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုပေါ်ထွန်းရေး မျှော်မှန်းချက်ဖြင့် ရေးဆွဲထားခြင်းဖြစ်ပြီး လက်တွေ့လည်း အကောင်အထည်ဖော်လျက်ရှိသည်။

ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအားလုံးအနေဖြင့် မြန်မာနိုင်ငံနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများမှအစ မြန်မာနိုင်ငံနှင့်ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်နိုင်သည့်အခွင့်အလမ်းများကို အသုံးပြုကြရန် နိုင်ငံ့ခေါင်းဆောင်များက ဖိတ်ခေါ်ခဲ့ပြီး လက်တွေ့တွင်လည်း ဈေးကွက်မြှင့်တင်ရေး၊ ပူးပေါင်းဆောင်ရွက်ရေး၊ ရင်းနှီးမြှုပ်နှံရေးလုပ်ငန်းများ တိုးတက်ဖော်ဆောင်လာနိုင်သည်ကို တွေ့ရသည်။

သို့ဖြစ်ရာ ကမ္ဘာ့နိုင်ငံများ၊ အဖွဲ့အစည်းများအနေဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများကို တိုးချဲ့ဆောင်ရွက်လာကြပြီဖြစ်၍ ဖွံ့ဖြိုးဆဲနိုင်ငံများအား လုံလောက်သောအကူအညီများ ပေးအပ်ရေး၊ ထုတ်ကုန်အားလုံးအတွက် အခွန်ကင်းလွတ်ခွင့်နှင့် ခွဲတမ်းသတ်မှတ်မှု ကင်းလွတ်ခွင့်များ ဆက်လက်ပေးအပ်ရန် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော



ကလေးစာပေပွဲတော်
စာအုပ်စာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ
( ပဲခူးမြို့ )

၂၀၁၉ ခုနှစ် ၊ မတ်လ (၂၈၊ ၂၉၊ ၃၀)ရက်၊ (ကြာသပတေး၊ သောကြာ၊ စနေ)နေ့၊ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။

ပဲခူးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၊ ပဲခူးမြို့

**ဆက်သွယ်စုံစမ်းနိုင်**

သတင်းစာ မှာယူခြင်း၊ ကိုယ်စားလှယ် လျှောက်ထားခြင်းနှင့် ကြော်ငြာများထည့်သွင်းခြင်း ကိစ္စများအတွက် သိရှိလိုပါက အောက်ပါ ဖုန်းနံပါတ်များသို့ ဆက်သွယ် စုံစမ်းနိုင်ပါသည်။

မြန်မာ့အလင်း
၀၉-၄၄၂၅၅၀၇၆၄

ကြေးမုံ
၀၉-၂၅၀၁၉၈၂၇၇

# ပြည်ထောင်စုစာရင်းစစ်ချုပ် ရန်ကုန်တောင်ပိုင်းခရိုင် စာရင်းစစ်ရုံးဝန်ထမ်းများနှင့်တွေ့ဆုံ

**နေပြည်တော် မတ် ၂၇**

ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းသည် ယမန်နေ့က ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်၊ ကျောက်တန်းနှင့် သုံးခွမြို့နယ် စာရင်းစစ်ရုံးများမှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။



**ယုံကြည်စိတ်ချမှုရှိရန်လို**

တွေ့ဆုံပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်က စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူလူထုနှင့် စစ်ဆေးရသည့် အဖွဲ့အစည်းများ၏ ယုံကြည်စိတ်ချမှုရရှိရန် လိုကြောင်း၊ ထိုသို့ ယုံကြည်မှုရရှိရန်အတွက် ဝန်ထမ်းများအနေဖြင့် လုပ်ငန်းများကို ကျွမ်းကျင်စွာဆောင်ရွက်ရမည့်အပြင် အဂတိလိုက်စားမှုကင်းစင်ရေး သတိပြုဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ယခုအခါတွင် Financial Audit နှင့် Compliance Audit သာမက Performance Audit ကို ဆောင်ရွက်လာရပြီး နောက်ပိုင်းတွင် Environmental Audit နှင့် IT Audit တို့ကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ထုတ်ပြန်ထားသည့် လက်စွဲများ၊ ညွှန်ကြားချက်များနှင့် သင်တန်းဖွင့်လှစ်ပို့ချပေးမှုများကို စဉ်ဆက်မပြတ် လေ့လာသင်ယူမှတ်သားလိုက်နာ၍ လုံ့လ၊ ဝီရိယစိုက်ထုတ်ကာ ပြည်သူ့အကျိုးစီးပွားကို အလေးထားကြိုးစားဆောင်ရွက်ပြီး စာရင်းစစ်များ လိုက်နာရမည့် Confidentiality ကို အထူးဂရုပြုရန် လိုအပ်ကြောင်း ပြောကြားသည်။

**ဖြည့်ဆည်းဆောင်ရွက်**

ထို့နောက် ပြည်ထောင်စုစာရင်းစစ်ချုပ်သည် ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

**သတင်းစဉ်**

# (၈၁)ကြိမ်မြောက် စင်ကာပူအလွတ်တန်းဖိတ်ခေါ်ပြေးခုန်ပစ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် ပြည်ပထွက်ခွာ

**ရန်ကုန် မတ် ၂၇**

၂၀၁၉ ခုနှစ် စင်ကာပူသမ္မတနိုင်ငံတွင် မတ် ၂၈ ရက်မှ ၂၉ ရက်အထိ ကျင်းပမည့် (၈၁)ကြိမ်မြောက် စင်ကာပူအလွတ်တန်းဖိတ်ခေါ် ပြေးခုန်ပစ်ပြိုင်ပွဲ (81st Singapore Open Track & Field Championships 2019) ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ နည်းပြချုပ် အဖွဲ့ခေါင်းဆောင် ဦးကျော်ခင်၊ အသင်းအုပ်ချုပ်သူ ဦးတင်ထွန်း၊ နည်းပြ ဒေါ်အေးအေးနွယ်နှင့် အားကစားသမား ၁၁ ဦး စုစုပေါင်း ၁၄ ဦးတို့သည် ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ စင်ကာပူလေကြောင်းလိုင်းဖြင့် စင်ကာပူနိုင်ငံသို့ ထွက်ခွာသွားရာ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး(၁) ဒေါ်ခင်ခင်ထွေးက ပို့ဆောင်နှုတ်ဆက်ခဲ့သည်။




အဆိုပါပြိုင်ပွဲတွင် ရဲထက်အောင် (ကြိုးတပ်သံလုံးပစ်)၊ လွင်မိုး(မီတာ၁၀၀၊ မီတာ ၂၀၀)၊ ဇာနည်ထွန်း (မီတာ ၁၅၀၀၊ မီတာ ၅၀၀၀)၊ ဖြိုးကျော်ဇင်ဦး (မီတာ ၈၀၀၊ မီတာ ၁၅၀၀)၊ နန်းထက်မောင်(လုံတံပစ်)၊ ကျော်စွာအောင် (မီတာ ၁၀၀၊ မီတာ ၂၀၀)၊ အေးအေးအောင်(မီတာ ၈၀၀၊ မီတာ ၁၅၀၀)၊ အေးအေးမြို့(မီတာ ၃၀၀၀ တားဆီးကျော်)၊ မြင့်မြင့်အေး(မီတာ ၅၀၀၀၊ မီတာ ၁၀၀၀၀)၊ ယဉ်ငြိမ်းအေး (မီတာ ၅၀၀၀၊ မီတာ ၁၀၀၀၀)၊ သန်းသန်းစိုး (၂၀ ကီလိုမီတာ လမ်းလျှောက်)များဖြစ်ကြပြီး အိမ်ရှင်စင်ကာပူ၊ မြန်မာ၊ ထိုင်း၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ မလေးရှား၊ လာအို၊ တရုတ်(တိုင်ပေ)၊ ဂျပန်၊ တောင်ကိုရီးယား စုစုပေါင်း ၁၁ နိုင်ငံ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**မြင့်စိုး**

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

»»» ရှေ့ဖုံးမှ

ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)၏ဇနီး ဒေါ်သန်းသန်းနွယ်နှင့် တပ်မတော်အရာရှိကြီးများ၏ ဇနီးများက ဂုဏ်ပြုပန်းကုံးများစွပ်၍ ကြိုဆိုကြသည်။

**သောင်းသောင်းဖြဖြကြိုဆို**

ထို့အတူ စစ်ကြောင်းကြီးများ ချီတက်ရာ လမ်းတစ်လျှောက်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အရာရှိ၊ စစ်သည် မိသားစုများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်အသီးသီးတို့မှ အရာရှိ၊ စစ်သည် မိသားစုများ၊ ဒေသခံမိဘပြည်သူများက စစ်ကြောင်းကြီးများမှ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို ဂုဏ်ပြုပန်းကုံးများစွပ်၍ သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။

စစ်ကြောင်းကြီးများမှ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ စုစုပေါင်းအင်အား ၁၂၄၃၈ ဦးတို့သည် ဇာတိသွေး၊ ဇာတိမာန် အပြည့်ဖြင့် စစ်ချီတေးများကို သံပြိုင်သီဆို၍ ချီတက်ကြပြီး စစ်ရေးပြကွင်းကြီးအတွင်းသို့ ရောက်ရှိနေရာယူကြသည်။

**တက်ရောက်**

စစ်ရေးပြအခမ်းအနားသို့ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စု ရှေ့နေချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် မြထွန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် တင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် မောင်မောင်ကျော်နှင့် တပ်မတော် အရာရှိကြီးများ၊ လွတ်လပ်ရေးမော်ကွန်းဝင် ပထမအဆင့်၊ ဒုတိယအဆင့်နှင့် တတိယအဆင့် မော်ကွန်းဝင်ပုဂ္ဂိုလ်များ၊ တပ်မတော် အငြိမ်းစားအရာရှိကြီးများ၊ လွှတ်တော် ကော်မတီများမှ ဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ကိုယ်စားလှယ်များ၊ ပြည်သူ့စစ်နှင့် နယ်ခြားစောင့်ဗဟိုအကြံပေးကွပ်ကဲရေးအဖွဲ့များ၊ နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများနှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများ၊ အောင်ဆန်းသူရိယဘွဲ့ ချီးမြှင့်ခံခဲ့ရသူများ၏ မိသားစုဝင်များ၊ ၂၀၁၈ ခုနှစ် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့ရရှိခဲ့ကြသော အရာရှိ၊ စစ်သည်များနှင့်အမွေခံများ၊ အနုပညာရှင်များ၊ စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာ၊ ဝတ္ထုတို၊ ဝတ္ထုရှည် ပြိုင်ပွဲများတွင် ဆုရရှိကြသူများ၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ တာဝန်ရှိသူများ၊ စာမူရွေးချယ်ရေးအဖွဲ့များ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ တာဝန်ရှိသူများ၊ တိုင်းရင်းသားဖွံ့ဖြိုးရေးတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ တပ်ဖွဲ့ဝင်များ၊ ရေကြောင်း လူငယ်၊ လေကြောင်း လူငယ် သင်တန်းများမှ အုပ်ချုပ်သူနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ၊ ဆိပ်ဖူးတောင်ပရဟိတလူငယ် ဖွံ့ဖြိုးရေးသင်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ စိုးဝင်းသည် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား ကျင်းပသည့် စစ်ရေးပြကွင်းကြီး အလေးပြုခံစင်မြင့်သို့ ရောက်ရှိရာ စစ်ကြောင်းကြီးများမှ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက အလေးပြုကြသည်။

ယင်းနောက် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် စစ်ရေးပြစစ်ကြောင်းကြီးများဖြစ်သည့် အနော်ရထာစစ်ကြောင်း၊ ကျန်စစ်သားစစ်ကြောင်း၊ ဘုရင့်နောင်စစ်ကြောင်း၊ အောင်ဇေယျစစ်ကြောင်း၊ ဆင်ဖြူရှင်စစ်ကြောင်း၊ ဗန္ဓုလစစ်ကြောင်းနှင့် မြဝတီစစ်ကြောင်းတို့ကို လိုက်လံစစ်ဆေးသည်။

ထို့နောက် စစ်ကြောင်းကြီးများနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အလံအား အလေးပြုကြရာ ဗဟိုစစ်တီးဝိုင်းအဖွဲ့က နိုင်ငံတော်သီချင်းကို တီးမှုတ်သည်။

ဆက်လက်၍ ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုကြပြီး စစ်ကြောင်းကြီးများမှ (ကြည်း၊ ရေ၊ လေ) တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက သစ္စာလေးချက်ကို သံပြိုင်ညီညာ ရွတ်ဆိုကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ စိုးဝင်းက မိန့်ခွန်းပြောကြားရာတွင် မိမိတို့ တပ်မတော်အနေဖြင့် နိုင်ငံ၊ လူမျိုး၊ အမျိုးသားအကျိုးစီးပွားနှင့် အချုပ်အခြာအာဏာ ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိသည့်အတွက် ကာကွယ်ရေးစွမ်းအား (Defence Capability) တည်ဆောက်ခြင်း၊ ကာကွယ်ရေးကဏ္ဍ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ခြင်း (Defence Modernization) တို့ကို ဖော်ဆောင်ပြီး သမားရိုးကျ စစ်ပွဲများကို ဆင်နွှဲနိုင်သည့်ခေတ်မီတပ်မတော် (Standard Army)အဖြစ် တည်ဆောက်လျက်ရှိပါကြောင်း။

**ဟန်ချက်ညီဆောင်ရွက်ကြရမည်**

ခေတ်မီတပ်မတော်တစ်ရပ် တည်ဆောက်သည့်အခါတွင် အဓိကကျသည့် စစ်အသုံးအဆောင်ပစ္စည်း၊ လူ့စွမ်းအားအရင်းအမြစ်နှင့် ကျွမ်းကျင်မှု စသည့် ကဏ္ဍ ၃ ရပ်ကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ကြရမည်ဖြစ်ပြီး တိုးတက်ပြောင်းလဲနေသည့် စစ်ပွဲဆိုင်ရာ အယူအဆများနှင့် ပုံသဏ္ဌာန်များ၊ စစ်လက်နက် အသစ်အဆန်းများ၊ စစ်ဘက်နည်းပညာ ဖွံ့ဖြိုးမှုများကို မျက်ခြည်ပြတ်မခံဘဲ လေ့လာနေရန်လည်း လိုအပ်ပါကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးဆိုသည်မှာ ချက်ချင်းဆောင်ရွက်၍ မရနိုင်သည့်အပြင် စစ်၏ သဘောသဘာဝအရ ကြိုတင်ပြင်ဆင်မှုများ ကောင်းမွန်မှသာ စစ်ပွဲကိုအောင်နိုင်မည် ဖြစ်သည့်အတွက် ကြိုတင်ပြင်ဆင်ခြင်း၊ လေ့ကျင့်ခြင်းနှင့် အုပ်ချုပ်ထောက်ပံ့မှုကိစ္စရပ်များကို ဟန်ချက်ညီဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

**အဆုံးအဖြတ်ပေးလျက်ရှိ**

မျက်မှောက်ကာလ စစ်ပွဲများတွင် စစ်နည်းဗျူဟာကျွမ်းကျင်မှု၊ လေကြောင်းအကဲသာမှုနှင့် အီလက်ထရွန်နစ် နည်းပညာသာလွန်မှု၊ လက်နက်ခဲယမ်းများ ခေတ်မီကောင်းမွန်မှု၊ ထိရောက်တိကျမှုတို့သည် စစ်ပွဲ၏ အနိုင်၊ အရှုံးကို အဓိက အဆုံးအဖြတ်ပေးလျက်ရှိပါကြောင်း၊ နည်းပညာတိုးတက်လာမှုနှင့်အတူ ပြောင်းလဲကျင့်သုံးလာသည့် စစ်နည်းဗျူဟာများနှင့် စစ်လက်နက်ပစ္စည်းများကို ခေတ်နှင့်အညီ ကျွမ်းကျင်စွာ အသုံးချနိုင်ရန်အတွက် ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ထိုသို့ ကျွမ်းကျင်စွာ အသုံးချသွားနိုင်ရန်အတွက်လည်း ပညာရည်မြင့်မားရန် **စာမျက်နှာ ၄ သို့ »»»**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ စစ်ရေးပြကွင်းကြီးသို့ ချီတက်လာသည့် စစ်ကြောင်းကြီးများအား ဂုဏ်ပြုပန်းကုံးများစွပ်၍ ကြိုဆိုစဉ်။**




**(၇၄)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားတွင် စစ်ကြောင်းကြီးများချီတက်ရာ လမ်းတစ်လျှောက်၌ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အရာရှိ၊ စစ်သည်မိသားစုများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်အသီးသီးတို့မှ အရာရှိ၊ စစ်သည်မိသားစုများ၊ ဒေသခံမိဘပြည်သူများက စစ်ကြောင်းကြီးများမှ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို ဂုဏ်ပြုပန်းကုံးများစွပ်၍ ကြိုဆိုကြစဉ်။**

»»» စာမျက်နှာ ၃ မှ

လိုအပ်သည့်အတွက် တပ်မတော်သားအားလုံး ပညာရည်မြင့်မားရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကိုအလေးထားဆောင်ရွက်လျက်ရှိပါကြောင်း။

**အမြဲမပြတ် လေ့လာရန်လိုအပ်**

မိမိတို့ တပ်မတော်သားများသည် “အလိမ္မာစာမှာရှိ” ဆိုသည့်အတိုင်း မိမိကိုယ်ကို ထိန်းကျောင်းပြုပြင်နိုင်ရန်၊ အတွေးအခေါ်နှင့် အသိပညာ ဗဟုသုတများရရှိစေရန်တို့အတွက် တန်ဖိုးရှိသည့် သုတ၊ ရသ စာပေများကိုလည်း အမြဲမပြတ် ဖတ်ရှုလေ့လာရန် လိုအပ်မည်ဖြစ်ကြောင်းကို ပြောကြားလိုပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံတည်ငြိမ်အေးချမ်းရေးသည် အဓိကအရေးအကြီးဆုံး အချက်တစ်ချက်ဖြစ်ပါကြောင်း၊ နိုင်ငံတည်ငြိမ်အေးချမ်းမှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားပြည်သူတို့၏ လူမှုဘဝ တိုးတက်မြင့်မားရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

**ပြည်တွင်းငြိမ်းချမ်းမှုရရှိရေး ဦးစားပေး**

မိမိတို့နိုင်ငံတွင် ကိုလိုနီဘဝက နယ်ချဲ့များ ကျင့်သုံးခဲ့သည့် သွေးခွဲအုပ်ချုပ်မှုစနစ်ကြောင့် လူမျိုးရေးအရ၊ အယူဝါဒရေးအရ၊ ဘာသာရေးအရ စိတ်ဝမ်းကွဲပြားမှုများအပေါ်အခြေခံသည့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများသည် ယနေ့အချိန်အထိ ဖြစ်ပွားလျက်ရှိပါကြောင်း၊ နှစ်ပေါင်း(၇၀)ကျော် လက်နက်ကိုင်ပဋိပက္ခများ၏ အကျိုးဆက်ကြောင့် ဒေသတွင်းနိုင်ငံများအကြားတွင် ဖွံ့ဖြိုးမှုအရှိန်အဟုန်များလည်း နှောင့်နှေးခဲ့ရပါကြောင်း၊ ထို့ကြောင့် ပြည်တွင်းငြိမ်းချမ်းမှုရရှိရေးကို မိမိတို့နိုင်ငံ၏ ဦးစားပေးလုပ်ငန်းစဉ်တစ်ရပ်အဖြစ် သတ်မှတ်ပြီး အယူဝါဒရေးရာအရ ကွဲပြားမှုနှင့် တိုင်းရင်းသားရေးအရ အမြင်လွဲမှားမှုများကို ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ဥပဒေဘောင်အတွင်းက ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လမ်းကြောင်းကို အခြေခံပြီး ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးအဖြစ် တည်ဆောက်ရာတွင် တည်ငြိမ်အေးချမ်းမှုနှင့်အတူ ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံး အမြန်ဆုံးရရှိခံစားနိုင်ကြရန်အတွက် NCA မှတစ်ဆင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတွင် ပါဝင်ဆွေးနွေးပြီး ပြည်ထောင်စုသဘောတူစာချုပ် ချုပ်ဆိုနိုင်သည်အထိ တစ်ဆင့်ချင်း Time Frame သတ်မှတ် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေသည့်ကာလတွင် နားလည်မှုလွဲမှားစေနိုင်သည့် ကိစ္စများကို ရှေ့တန်းတင်တောင်းဆိုလာခြင်းများ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် မသက်ဆိုင်သည့် ကိစ္စများကို ဆွဲသွင်းလာခြင်းများ မပြုလုပ်ရန် လိုအပ်ပါကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအနေဖြင့် NCA မူဘောင်နှင့်အညီ တွေ့ဆုံညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ပြီး ဒီမိုကရေစီလမ်းကြောင်းအတိုင်း မှန်မှန်ကန်ကန် လျှောက်လှမ်းရန် လိုအပ်မည်ဖြစ်ပါကြောင်း။

**စစ်ရေးဆိုင်ရာ လှုပ်ရှားမှုအားလုံး ရပ်ဆိုင်းပေးခဲ့**

ငြိမ်းချမ်းရေးကိစ္စရပ်များနှင့်ပတ်သက်ပြီး လွတ်လွတ်လပ်လပ် အေးအေးချမ်းချမ်း ဆွေးနွေးဆောင်ရွက်နိုင်ရန် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်မှ ၂၀၁၉ ခုနှစ် ဧပြီ ၃၀ ရက်အထိ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေနှင့် တြိဂံဒေသတိုင်း စစ်ဌာနချုပ်နယ်မြေတို့တွင် စစ်ရေးဆိုင်ရာ လှုပ်ရှားမှုအားလုံး ရပ်ဆိုင်းပေးခဲ့ကြောင်းကို ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါကြောင်း။

**လမ်းဖွင့်ပေးခြင်းဖြစ်**

တပ်လှုပ်ရှားမှုရပ်ဆိုင်းထားသည့် ကာလအတွင်း စစ်ဆင်ရေးနယ်မြေအလိုက် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအနေဖြင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး အပါအဝင် ငြိမ်းချမ်းရေးဆိုင်ရာများကို ညှိနှိုင်းဆွေးနွေးသွားရန် လမ်းဖွင့်ပေးခြင်း ဖြစ်ပါကြောင်း၊ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲထားသည့်ကာလအတွင်းတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ထိခိုက်စေသည့်လုပ်ရပ်များ ဆက်လက်ဆောင်ရွက်ခြင်းမပြုဘဲ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနနှင့်ဖြစ်စေ၊ တပ်မတော်၏ ညှိနှိုင်းဆွေးနွေးရေးအဖွဲ့နှင့်ဖြစ်စေ ငြိမ်းချမ်းရေးအတွက် ညှိနှိုင်းဆွေးနွေးခြင်းများ အမြန်ဆုံးပြုလုပ်သွားကြရန် ထပ်မံပြောကြားလိုပါကြောင်း။



(၇၄)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ စစ်ကြောင်းကြီးများ ချီတက်လာစဉ်။

ယခုသွားနေသည့် ငြိမ်းချမ်းရေးလမ်းကြောင်းသည် တဒင်္ဂငြိမ်းချမ်းရေးရရုံမဟုတ်ဘဲ ထာဝရငြိမ်းချမ်းရေးရရန် စနစ်တကျ ဦးတည်လျှောက်လှမ်းနေခြင်း ဖြစ်သည့်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံး စစ်မှန်သည့် စိတ်ရင်းစေတနာမှန်ဖြင့် ပူးပေါင်းပါဝင်ရန် လိုအပ်ပါကြောင်း၊ အတိတ်ကို လက်ညှိုးထိုး ပြောဆိုနေမည့်အစား သင်ခန်းစာရယူပြီး ပြည်ထောင်စုသားအားလုံး သွေးစည်းညီညွတ်စွာဖြင့် မိမိတိုင်းပြည် တိုးတက်ရာတိုးတက်ကြောင်း ဆောင်ရွက်မှုက အကျိုးရှိလိမ့်မည်ဖြစ်ပါကြောင်း။

**နိုင်ငံရေးအရ ဆောင်ရွက်သင့်**

မိမိတို့တပ်မတော်အနေဖြင့် ၂၀၂၀ ပြည့်နှစ်တွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ပြီးမြောက်စေရေး၊ တိုင်းရင်းသားပြည်သူလူထုက လိုလားတောင့်တနေသော ထာဝရငြိမ်းချမ်းရေးကို ပြည်သူ့လက်သို့ အရောက်အပ်နှင်းနိုင်ရေး ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ပြောကြားလိုပါကြောင်း၊ ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲ၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲ အတွေ့အကြုံများအရ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များရှိသည့် နယ်မြေနှင့် ဆက်စပ်နယ်မြေအချို့တွင် တရားမျှတမှုမရှိသည့် ရွေးကောက်ပွဲများဖြစ်ခဲ့သည်ကို တွေ့ရသည့်အတွက် တရားမျှတသည့် ရွေးကောက်ပွဲဖြစ်လာစေရန်၊ မတရားမှုများ မဖြစ်စေရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအားလုံး NCA လက်မှတ်ရေးထိုးပြီး နိုင်ငံရေးအရ ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်ကြရန် ထပ်မံပြောကြားလိုပါကြောင်း။

**ပြည်သူလူထုကို အကာအကွယ်ပေးခဲ့ရ**

၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်များအတွင်း ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ARSA အကြမ်းဖက်အဖွဲ့သည် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးအကြမ်းဖက်တိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့သည့်အတွက် နယ်မြေတည်ငြိမ်မှုပျက်ပြားပြီး ဒေသခံတိုင်းရင်းသားများ အတိဒုက္ခရောက်ခဲ့ရပါကြောင်း၊ မိမိတို့တပ်မတော်အနေဖြင့် နယ်မြေအေးချမ်းမှုရှိစေရန် အကြမ်းဖက်မှုနှိမ်နင်းရေး (Counter-terrorism)၊ တည်ငြိမ်မှုစစ်ဆင်ရေး (Stability Operation)များကို ဆောင်ရွက်ပေးခဲ့ပြီး ပြည်သူလူထုကို အကာအကွယ်ပေးခဲ့ရပါကြောင်း၊ နယ်မြေတည်ငြိမ်မှု ပြန်လည်ရရှိပြီးဖြစ်သည့် ကျေးရွာများတွင် အကြမ်းဖက်မှုများ ထပ်မံပေါ်ပေါက်မှုမရှိစေရေး၊ ARSA အကြမ်းဖက်သမားများ ကျူးကျော်ဝင်ရောက်လာမှု မရှိစေရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များက ဆက်လက်တာဝန်ယူလျက်ရှိပါကြောင်း။

**စွမ်းရည်သုံးရပ် အမြဲထက်မြက်နေရန် လိုအပ်**


ထိုအခြေအနေမျိုးတွင် နယ်မြေတည်ငြိမ်ရေးနှင့် လုံခြုံရေးဆောင်ရွက်ပြီး ARSA အကြမ်းဖက်အဖွဲ့အန္တရာယ်က ကာကွယ်ပေးနေသည့် နယ်ခြားစောင့်ရဲကင်းစခန်း ၄ ခုကို AA အဖွဲ့က ယခုနှစ် ဇန်နဝါရီ ၄ ရက်တွင် အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ကြပါကြောင်း၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်ပေးနေသည့် ရဲကင်းစခန်းများကို ဝင်ရောက်အကြမ်းဖက် တိုက်ခိုက်ခြင်းသည် အုပ်ချုပ်ရေးယန္တရားကို နှောင့်ယှက်ခြင်းဖြစ်ပြီး နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိခိုက်စေသည့်အတွက် တပ်မတော်အနေဖြင့် ထိထိရောက်ရောက် နှိမ်နင်းသွားမည်ဖြစ်ပါကြောင်း၊ ပြင်ပ ပယောဂကြောင့် တည်ငြိမ်မှုပျက်ပြားခဲ့သည့် ရခိုင်ပြည်နယ်မြောက်ပိုင်း တည်ငြိမ်အေးချမ်းရေးဆောင်ရွက်နေချိန်တွင် AA အဖွဲ့၏ အကြမ်းဖက်လုပ်ဆောင်မှုသည် ဒေသတွင်း ပြည်သူများနှင့် ဒေသအကျိုးစီးပွားကိုသာ ထိခိုက်စေမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးအတွက် တပ်မတော်အနေဖြင့် မည်သည့်လက်နက်ကိုင်သောင်းကျန်းသူကိုမဆို ရှင်းလင်းရမည်ဖြစ်ကြောင်းကို ပြောကြားလိုပါကြောင်း။

မိမိတို့တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်၊ ပြည်သူ့အကျိုးပြု လုပ်ငန်းတာဝန်ဆိုသည့် အဓိကလုပ်ငန်းတာဝန်များကို အစဉ်တစိုက်ထမ်းဆောင်လျက်ရှိပါကြောင်း၊ ယင်းတာဝန်များကို ထမ်းဆောင်ရန်အတွက် စစ်ရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်ဆိုသည့် စွမ်းရည်သုံးရပ် အမြဲထက်မြက်နေရန် လိုအပ်ပါကြောင်း၊ စွမ်းရည်သုံးရပ်ပြည့်စုံမှသာ ပေးအပ်လာသည့် အမိန့်နှင့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်စွမ်းရှိမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ကာကွယ်ရေးစွမ်းရည်ရှိစေရန်လည်း အမြဲတမ်းလေ့ကျင့်ရမည်၊ အမြဲတမ်းစစ်ရေးသတိရှိရမည်၊ အမြဲတမ်းတိုက်ပွဲဝင် အသင့်ဖြစ်ရမည်ဆိုသည့် မြဲသုံးမြဲနှင့် ပြည့်စုံနေရန်လည်း လိုအပ်ပါကြောင်း။

**မှန်မှန်ကန်ကန်လုပ်ဆောင်**

စစ်ရေးစွမ်းရည် ထက်မြက်ရန်အတွက် လေ့ကျင့်ရေးသည် အဓိကကျသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပြီး စစ်သည်တစ်ဦးချင်း လေ့ကျင့်ရေးနှင့် တပ်ဖွဲ့အလိုက် လေ့ကျင့်ရေးများကို လေ့ကျင့်ရေးမူဝါဒများနှင့်အညီ အကောင်အထည်ဖော် တည်ဆောက်နေရန် လိုအပ်ပါကြောင်း၊ တပ်မတော်သားတစ်ဦးအနေဖြင့် နိစ္စဓူဝလုပ်ဆောင်နေရသည့် သမားစဉ်လုပ်ငန်းများကို မှန်မှန်ကန်ကန် လုပ်ဆောင်ခြင်းသည် လေ့ကျင့်ရေးနှင့် တည်ဆောက်နေခြင်းဖြစ်ပါကြောင်း၊ သမားစဉ်လုပ်ငန်းများကို မှန်မှန်ကန်ကန် လုပ်ဆောင်ခြင်းဖြင့် စည်းကမ်းထိန်းသိမ်းရာရောက်သည့်အပြင် လေ့ကျင့်ရေးများကို စဉ်ဆက်မပြတ် ဆောင်ရွက်ခြင်းအားဖြင့် တပ်များ၏ အရည်အသွေးမြင့်မားလာမည် ဖြစ်ပါကြောင်း၊

စာမျက်နှာ ၅ သို့ »»»


(၇၄)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အမျိုးသမီးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ ချီတက်လာစဉ်။

# (၇၄)နှစ်မြောက်တပ်မတော်နေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် မတ် ၂၇**

၂၀၁၉ ခုနှစ် (၇၄)နှစ်မြောက်တပ်မတော်နေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဥပစာရင်ပြင်၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့ တက်ရောက်ကြသည်။ ဂုဏ်ပြုညစာစားပွဲ စတင်ကျင်းပချိန်တွင် (၇၄) နှစ်မြောက်တပ်မတော်နေ့ အထိမ်းအမှတ်အဖြစ် တပ်မတော်နေ့စစ်ရေးပြကွင်းနှင့် ဘုရင့်နောင်ရိပ်သာတို့မှ မီးရှူးမီးပန်းများ ပစ်ဖောက်ကြသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီးတို့သည် ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်နှင့်ဇနီးတို့နှင့်အတူ ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။ **(ယာပုံ)**

ဂုဏ်ပြုညစာစားပွဲတွင် ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့အနုပညာရှင်များနှင့် တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်း "နာရီတစ်ရာ့တစ်ဆယ်"ဇာတ်လမ်းမှ အနုပညာရှင်များက တေးသံသာများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

ညစာစားပွဲအပြီးတွင် ဇေယျာသီရိဗိမာန် သဘင်ဆောင်ခန်းမ၌ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီအငြိမ့်အဖွဲ့၊ နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲများမှ စစ်သည်၊ စစ်သမီးများနှင့် မြန်မာသိုင်းအဖွဲ့ဝင်များက မြန်မာသံစုံတီးဝိုင်း၊ နိုင်ငံတကာသံစုံတီးဝိုင်းများ တီးမှုတ်၍ အဆို၊ အက ၊ မျက်လှည့်များဖြင့် သီဆိုဖျော်ဖြေကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**




»»» **စာမျက်နှာ ၄ မှ**

အုပ်ချုပ်ရေးစွမ်းရည်ကျလျှင် စစ်ရေးစွမ်းရည်နှင့် စည်းရုံးရေးစွမ်းရည်များ ကျဆင်းသွားမည်ဖြစ်ပါကြောင်း။

အုပ်ချုပ်ရေးစွမ်းရည်တွင် ပါဝင်သည့် စစ်စည်းကမ်းလိုက်နာမှုအပိုင်းသည် မိမိတို့တပ်မတော်သားတိုင်းအတွက် အဓိကလိုက်နာစောင့်ထိန်းရမည့် အချက်ဖြစ်ပါကြောင်း၊ စည်းကမ်းကို ဥပဒေနှင့်ထိန်းချုပ်ထားကြပြီး မည်သည့်စနစ်ကို ကျင့်သုံးသည်ဖြစ်စေ ပြဋ္ဌာန်းထားသည့် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပြောဆိုလုပ်ကိုင်နေထိုင်ကြရမည်ဖြစ်သည့်အပြင် တာဝန်ယူမှု၊ တာဝန်ခံမှုများလည်း ရှိရမည်ဖြစ်ပါကြောင်း၊ ပြည်သူကြားက ပေါက်ဖွားပြီး ပြည်သူများ၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် တပ်မတော်သားများအနေဖြင့် စစ်ဘက်ဆိုင်ရာ စည်းမျဉ်းဥပဒေများသာမက ပြည်သူများအတွက် ထုတ်ပြန်ထားသည့် နယ်ဘက်ဥပဒေများကိုလည်း လေးစားလိုက်နာကြရမည် ဖြစ်ပါကြောင်း၊ တပ်မတော်သည် ဥပဒေနှင့်အညီ တရားဝင်ဖွဲ့စည်းထားသည့် အဖွဲ့အစည်းဖြစ်သည့်အတွက် ထုတ်ပြန်ထားသည့် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းနှင့်အညီသာ ဆောင်ရွက်ရမည်ဖြစ်ပြီး ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းမရှိပါက အရေးယူခြင်းခံရမည်ဖြစ်ပါကြောင်း၊ စစ်သည်တစ်ဦးချင်းစီ၏ ပြုမူလုပ်ဆောင်ချက်သည် အဖွဲ့အစည်းတစ်ခုလုံးအပေါ် သက်ရောက်မှုရှိသည့်အတွက် တစ်ဦးချင်း စည်းကမ်းလိုက်နာပြီး စွမ်းရည်တိုးတက်အောင်ဆောင်ရွက်ရန် လိုအပ်ကြောင်းကို မှာကြားလိုပါကြောင်း။

မိမိတို့ တပ်မတော်သားတိုင်းသည် စည်းကမ်းလိုက်နာမှု၊ အမိန့်နာခံမှု၊ အထက်အောက် အပြန်အလှန်လေးစားမှုများနှင့် စစ်သားကောင်း စိတ်ဓာတ်မွေးမြူပြီး အားလုံးစည်းစည်းလုံးလုံး နေထိုင်ကြရမည်။ တပ်တည်မြဲအမိန့်များ၊ တိုက်တွန်းချက်များ၊ တားမြစ်ချက်စည်းကမ်းများကို အလေးအနက်ထားလိုက်နာဆောင်ရွက်ပြီး မိမိတို့ကျင့်သုံးရမည့် ကျင့်ဝတ်ခြောက်ဆယ်ပါ အချက်များအတိုင်း လိုက်နာကြမည်ဆိုပါက တပ်တွင်းစည်းလုံးညီညွတ်မှုကို ပိုမိုခိုင်မာစေမည်ဖြစ်ပါကြောင်း၊ အလားတူ တပ်ပြင်စည်းရုံးရေးဆောင်ရွက်ရာတွင်လည်း စစ်သည်တော်ကျင့်ဝတ်နှင့်အညီ နေထိုင်ကျင့်ကြံပြီး ပြည်သူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ အကျိုးပြုလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူကအားကိုး၊ နိုင်ငံတော်က အားထားရသည့် တပ်မတော်ဖြစ်အောင် အားလုံးဝိုင်းဝန်းဆောင်ရွက်သွားကြရန် အလေးအနက် မှာကြားလိုပါကြောင်း။

မိမိတို့ တပ်မတော်သည် လွတ်လပ်ရေးရပြီးချိန်မှစပြီး ခေတ်အဆက်ဆက်တွင် အမျိုးသားနိုင်ငံရေး၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး၊ နိုင်ငံတော်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသား ပြန်လည်သင့်မြတ်ရေးလုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့သည့်အပြင် လက်ရှိကာလ ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် စနစ်တကျဖြစ်စေရန် ဝိုင်းဝန်းကူညီပေးလျက်ရှိပါကြောင်း၊ အနာဂတ်ကာလတွင်လည်း ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရာတွင် အမျိုးသားနိုင်ငံရေးတာဝန်များကို ကျရာအခန်းကဏ္ဍကနေ ဦးလည်မသုန် ဆက်လက်ပါဝင်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် (၇၄) နှစ်မြောက်တပ်မတော်နေ့ ဦးတည်ချက်များဖြစ်သည့် အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေးသုံးပါးနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ကာကွယ်စောင့်ရှောက်ရေးတို့ကို အဓိကထားဆောင်ရွက်ရေး၊ သမိုင်းကြောင်းအရ နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အား တပ်မတော်၏ ရပ်တည်ချက်အဖြစ် စဉ်ဆက်မပြတ် ခံယူလုပ်ဆောင်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုအဖြစ် တည်ဆောက်ရာတွင် မဖြစ်မနေလိုအပ်သော ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ဒို့တာဝန်အရေးသုံးပါးကို အခြေခံသော ငြိမ်းချမ်းရေးမူဝါဒ (၆)ရပ်ဖြင့် တပ်မတော်မှ ခိုင်ခိုင်မာမာ ဆောင်ရွက်ရေး၊ နိုင်ငံတော်၏ ပိုင်နက်နယ်မြေနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်နိုင်မည့် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေးဆိုသည့် ဦးတည်ချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားကြရန် မှာကြားလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား စစ်ရေးပြမှူးကြီး ဦးဆောင်သော စစ်ကြောင်းကြီးများမှ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုကြပြီး စစ်ရေးပြကွင်းကြီးအတွင်းမှ ပြန်လည်ထွက်ခွာကြသည်။

ထိုသို့ ချီတက်အလေးပြုချိန်တွင် တပ်မတော်(လေ)မှ သယ်ယူပို့ဆောင်ရေးရဟတ်ယာဉ်နှစ်စင်းက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံနှင့် တပ်မတော်အလံများကို အသီးသီးချိတ်ဆွဲ၍ အစဉ်လိုက်ပျံသန်းကြသည်။

ဆက်လက်၍ အထူးတာဝန်တပ်ဖွဲ့ကိုယ်စားပြု(အမျိုးသမီး) စစ်ရေးပြတပ်ခွဲနှင့် တပ်မတော်(ရေ) အထူးတပ်ဖွဲ့ကိုယ်စားပြုစစ်ရေးပြတပ်ခွဲတို့မှ အရာရှိ၊ စစ်သည်များက ရဟတ်ယာဉ်ပေါ်မှ အမြန်ဆင်းကြိုးများဖြင့် မြေပြင်ပေါ်သို့ ဆင်းသက်ကြပြီး စစ်ရေးပြစစ်ကြောင်းများနှင့်အတူ လိုက်ပါချီတက်ကြသည်။

ယင်းနောက် တပ်မတော်(လေ)မှ ရဟတ်ယာဉ်၊ လေယာဉ်နှင့် တိုက်လေယာဉ်များက သတ်မှတ်ပုံစံအတိုင်း သရုပ်ပြအုပ်စုဖွဲ့ပျံသန်း၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အလေးပြုကြသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား နှုတ်ဆက်၍ စစ်ရေးပြကွင်းကြီးမှ ပြန်လည်ထွက်ခွာပြီး ၂၀၁၉ ခုနှစ် (၇၄)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**



**(၇၄)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်လာသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ တပ်မတော်အရာရှိကြီးများနှင့် ဖိတ်ကြားထားသူများကို တွေ့ရစဉ်။**

# (၇၄)နှစ်မြောက်တပ်မတော်နေ့ အခမ်းအနားသို့တက်ရောက်ကြသည့် အငြိမ်းစား တပ်မတော်အရာရှိကြီးများအား တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများက ဂါရဝပြုကန်တော့



**နေပြည်တော် မတ် ၂၇**

(၇၄)နှစ်မြောက်တပ်မတော်နေ့ အခမ်းအနားသို့ တက်ရောက်ခဲ့ကြသော တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့သည့် အငြိမ်းစားတပ်မတော်အရာရှိကြီးများအား တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများက ဂါရဝပြုကန်တော့သည့် အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသိဒ္ဓိဗိမာန်၌ ကျင်းပသည်။

အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ဂါရဝပြုစကားပြောကြားပြီး ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ တက်ရောက်လာကြသူများက တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများကိုယ်စား အငြိမ်းစားတပ်မတော်အရာရှိကြီးများအား မြန်မာ့ရိုးရာထုံးတမ်းအစဉ်အလာနှင့်အညီ ရိုသေစွာဖြင့် ဂါရဝပြုကန်တော့ကြသည်။

ထို့နောက် ကန်တော့ခံအငြိမ်းစားတပ်မတော်အရာရှိကြီးများကိုယ်စား ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းကြည်(ငြိမ်း)၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဘ(ငြိမ်း) နှင့် ဗိုလ်ချုပ်ကြီး သိန်းစိန်(ငြိမ်း)တို့က ဩဝါဒစကားများပြောကြားကြသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီးများက အငြိမ်းစားတပ်မတော်အရာရှိကြီးများထံ ဂါရဝပြုလက်ဆောင်ပစ္စည်းများကို ပေးအပ်ကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့ပြင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့သည် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) နှင့်ဇနီး တို့နှင့်အတူ ဘုရင့်နောင်ရိပ်သာတွင် ခေတ္တတည်းခိုနေထိုင်လျက်ရှိသော (၇၄)နှစ်မြောက်တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်လာကြသည့် တပ်မတော်အငြိမ်းစားအရာရှိများထံ သွားရောက်၍ တစ်ဦးချင်းစီလိုက်လံတွေ့ဆုံပြီး ဂါရဝပြုနှုတ်ဆက်စကားပြောကြား၍ လိုအပ်သည်များကို မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့တက်ရောက်ခဲ့သည့် လွတ်လပ်ရေး မော်ကွန်းဝင် ပထမအဆင့်၊ ဒုတိယအဆင့်နှင့် တတိယအဆင့်ရရှိသူ စုစုပေါင်း ၂၁ ဦးနှင့် အောင်ဆန်းသူရိယဘွဲ့ရရှိခဲ့သူများ၏ မိသားစုဝင်များ၊ ဆွေမျိုးများအား ဘုရင့်နောင်ရိပ်သာ၌ ဂါရဝပြုတွေ့ဆုံ၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုယ်စား နှုတ်ဆက်ဂါရဝပြုစကားပြောကြားပြီး အားဖြည့်ငှက်သိုက်ရည်များနှင့် ဂါရဝပြုငွေများအား တစ်ဦးချင်းဂါရဝပြုပေးအပ်၍ ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



# (၇၄)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား ဆုရ စစ်ရေးပြတပ်ခွဲများအား ဆုချီးမြှင့်ပွဲ ကျင်းပ

**နေပြည်တော် မတ် ၂၇**

(၇၄)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ဆုရရှိကြသော စစ်ရေးပြတပ်ခွဲများအား ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စုရပ်သစ် တပ်စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦး တက်ရောက်၍ ဆုများကို ပေးအပ်ချီးမြှင့်သည်။

ရှေးဦးစွာ ဆုချီးမြှင့်ပွဲသို့ တက်ရောက်လာသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦးအား စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ် ဇော်ဟိန်း ဦးဆောင်သည့် စစ်ရေးပြစစ်ကြောင်းများက အလေးပြုကြသည်။

ထို့နောက် (၇၄)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦးတို့က ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦးက စံပြတပ်ခွဲ တတိယဆုရရှိသော အမြောက်တပ်ဖွဲ့ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲအား လည်းကောင်း၊ စံပြတပ်ခွဲ ဒုတိယဆုရရှိသော စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြဂုဏ်ပြုတပ်ခွဲအားလည်းကောင်း၊ စံပြတပ်ခွဲ ပထမဆုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြု စစ်ရေးပြဂုဏ်ပြုတပ်ခွဲအားလည်းကောင်း ဆုများ အသီးသီးပေးအပ်ချီးမြှင့်သည်။

ထို့နောက် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦးက ဂုဏ်ပြုအမှာစကားပြောကြားပြီး ဆုချီးမြှင့်ပွဲကို ရုပ်သိမ်းခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# (၇၄)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်းတွင် ပါဝင်ခဲ့သည့် သရုပ်ဆောင်များနှင့် စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူဆုရရှိသူများအား ဂုဏ်ပြုဆုများပေးအပ်

**နေပြည်တော် မတ် ၂၇**

(၇၄)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်းဖြစ်သည့် “နာရီ တစ်ရာ့တစ်ဆယ်” ဇာတ်လမ်းတွင် ပါဝင်သရုပ်ဆောင်ခဲ့ကြသည့် အနုပညာရှင်များနှင့် စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူဆုရရှိသူ စာပေပညာရှင်များအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦးက ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ထို့နောက် စိတ်ဓာတ်ရေးရာနှင့်လူထုဆက်ဆံရေး ကော်မတီ ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦးက နာရီ တစ်ရာ့တစ်ဆယ် ဇာတ်လမ်းတွင် ပါဝင်ခဲ့သည့် ဒါရိုက်တာ၊ တွဲဖက်ဒါရိုက်တာနှင့် ရုပ်ရှင်သရုပ်ဆောင်များ၊ တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီး မောင်မောင်အေးက ရုပ်ရှင်သရုပ်ဆောင်များကို ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ဆက်လက်၍ တပ်မတော်နေ့ ကျင်းပရေးစီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ဗိုလ်ချုပ် မြင့်မော်က (၇၄)နှစ်မြောက် တပ်မတော်နေ့စစ်ချီသီချင်းပြိုင်ပွဲ၊ စစ်သည်တေးသီချင်းပြိုင်ပွဲ၊ ကဗျာတို (ဝါသနာရှင်)ပြိုင်ပွဲ၊ ကဗျာတို(အလွတ်တန်း) ပြိုင်ပွဲတွင် ဆုရရှိကြသူများကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်သည်။

ယင်းနောက် စာမူပြိုင်ပွဲကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဗိုလ်ချုပ် ထွန်းထွန်းညီက ကဗျာရှည် (ဝါသနာရှင်)ပြိုင်ပွဲ၊ ကဗျာရှည်(အလွတ်တန်း)ပြိုင်ပွဲ၊ ဝတ္ထုတိုပြိုင်ပွဲ၊ ဝတ္ထုရှည်ပြိုင်ပွဲတွင် ဆုရရှိကြသူတို့ကို ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ကြသည်။

အခမ်းအနားအပြီးတွင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ)ဗိုလ်ချုပ်ကြီး မြထွန်းဦးက တက်ရောက်လာကြသူများအား လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



# (၇၄)နှစ်မြောက် ဖက်ဆစ်တော်လှန်ရေးနေ့အခမ်းအနား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(ဗဟိုဌာနချုပ်)၌ ကျင်းပ



**ရန်ကုန် မတ် ၂၇**

(၇၄)နှစ်မြောက် ဖက်ဆစ်တော်လှန်ရေးနေ့အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(ဗဟိုဌာနချုပ်)တွင် ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား အလေးပြုပြီး ကျဆုံးလေပြီးသော လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုခြင်းနှင့် ဒီမိုကရေစီအရေးတော်ပုံတွင် ကျဆုံးခဲ့ကြသော ရဟန်းရှင်လူ ကျောင်းသားပြည်သူအပေါင်းအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် ရှစ်စက္ကန့် ငြိမ်သက်ကြသည်။

ယင်းနောက် သဘာပတိဗဟိုအလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူးအဖွဲ့ဝင် ဦးဉာဏ်ဝင်းက အမှာစကားပြောကြားရာတွင် “ဒီနေ့ကျင်းပတဲ့ အခမ်းအနားဟာ လွတ်လပ်ရေးဗိသုကာ၊ အမျိုးသားခေါင်းဆောင်ကြီး၊ တပ်မတော်ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနဲ့တကွ၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားမျိုးနွယ်စုများ၊ တပ်မတော်သားများ သွေးစည်းညီညွတ်စွာနဲ့ ဖက်ဆစ်ဝါဒီများကို အောင်မြင်စွာ ဆန့်ကျင်အောင်ပွဲဆင်ခဲ့တဲ့ (၇၄) နှစ်မြောက် သမိုင်းဝင်ဖက်ဆစ်တော်လှန်ရေးနေ့ ဖြစ်ပါတယ်။ တစ်ဆက်တည်းမှာပဲ ဒီဖက်ဆစ်တော်လှန်ရေးကြီးကို ပြည်သူလူထုအားလုံး ဇွဲနပဲရှိရှိ၊ သတ္တိရှိရှိနဲ့ အချိန်ကာလတိုအတွင်း အောင်မြင်စွာ ဆင်နွှဲနိုင်ခဲ့ခြင်းကြောင့်လည်း တစ်မျိုးသားလုံး မွတ်သိပ်တောင့်တနေခဲ့ကြတဲ့ အမျိုးသားလွတ်လပ်ရေးကြီးကို ဂုဏ်ယူဝင့်ကြွားစွာ အရယူနိုင်ခဲ့ခြင်းဖြစ်ပါတယ်”ဟု ပြောကြားသည်။

ဆက်လက်၍ ၎င်းက “ဒီနေ့မှာ တော်လှန်ရေးနေ့(၇၄) နှစ်တာကာလကို ရောက်လာခဲ့ပါပြီ။ တော်လှန်ရေးနေ့ကပေးလိုက်တဲ့ အမျိုးသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်တွေ ဆက်လက်ရှင်သန်အောင် ကျွန်တော်တို့ ကြိုးစားကြရပါမယ်။ တိုင်းရင်းသားအချင်းချင်း ဥမကွဲသိုက်မပျက်၊ အေးအတူ ပူအမျှ ရုန်းကန်ခဲ့ကြတဲ့ ဖြစ်စဉ်ကောင်းများ (သို့မဟုတ်) ပင်လုံစိတ်ဓာတ်ကို ဆက်လက်အဓွန့်ရှည်အောင် ကြိုးပမ်းကြရပါလိမ့်မယ်။

“ဒါကြောင့် ကျွန်တော်တို့ဟာ နယ်ချဲ့ဆန့်ကျင်ရေး ဖက်ဆစ်တော်လှန်ရေးနဲ့အတူ အစဉ်အလာကြီးမားလာခဲ့တဲ့ တပ်မတော်ရဲ့အခန်းကဏ္ဍကို ဂုဏ်ယူကြသလို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အမှူးပြုတဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကို လည်းကောင်း၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး လှုပ်ရှားမှုကိုလည်းကောင်း၊ တပ်မတော်ဟာ ပြည်သူနဲ့အတူ၊ တိုင်းရင်းသားများနဲ့အတူ တစ်စိတ်တည်း တစ်ဝမ်းတည်း စုပေါင်းအင်အားအဖြစ် လက်တွဲပါဝင်အောင်ပွဲဆင်နိုင်ပါစေကြောင်း ဆုတောင်းနှိုးဆော်လိုက်ရပါတယ်”ဟု ပြောကြားသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာမျိုးညွန့်က အချက်ငါးချက်ပါရှိသည့် (၇၄)နှစ်မြောက် ဖက်ဆစ်တော်လှန်ရေးနေ့ ကြေညာချက်ကိုဖတ်ကြားပြီး နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်များ၊ အဖွဲ့အစည်းများမှ ပေးပို့လာသော သဝဏ်လွှာများကို မှတ်တမ်းတင်သည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာမျိုးညွန့်က “ဒီနေ့ဟာ ကျွန်တော်တို့နိုင်ငံအတွက် ဖိနှိပ်ချုပ်ချယ်တဲ့စနစ်တစ်ခုကို ပြည်သူတွေ၊ တိုင်းရင်းသားတွေ၊ လူတန်းစားပေါင်းစုံ စုပေါင်းပြီးတော့ တွန်းလှန်ဖို့ စတင်ခဲ့တဲ့ နေ့ဖြစ်တဲ့အတွက် အဲဒီသရုပ်အဓိပ္ပာယ်ကို ပေါ်လွင်ဖို့အတွက် ဖက်ဆစ်တော်လှန်ရေးနေ့လို့ သတ်မှတ်ခြင်းဖြစ်ပါတယ်။ ဒီနေ့မှာလည်း ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံရေးအပြောင်းအလဲမှာဖြစ်နေတဲ့ အခက်အခဲတွေကို ပြည်သူ၊ တိုင်းရင်းသားပေါင်းစုံ၊ အလွှာပေါင်းစုံ ပူးပေါင်းဆောင်ရွက်ဖို့လိုတယ်ဆိုတာကို ထပ်မံပြီး သတိပေးနှိုးဆော်ချင်တဲ့အတွက် တစ်မျိုးတစ်ဖုံတော့ အဓိပ္ပာယ်ထူးခြားပါတယ်”ဟု မီဒီယာများကို ပြောကြားသည်။

အဆိုပါအခမ်းအနားကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကျင်းပခြင်းဖြစ်ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက ဦးတင်ဦး၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူး အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ သံတမန်များ၊ အဖွဲ့ချုပ်အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းနှင့် ဓာတ်ပုံ-ဇော်ကြီး**



## တာချီလိတ်မြို့ လေထုညစ်ညမ်းမှုအညွှန်းကိန်း ထုတ်ပြန်ခြင်းနှင့် အသိပေးနှိုးဆော်ခြင်းများပြုလုပ်

**တာချီလိတ် မတ် ၂၇**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့တွင် နယ်စပ်ဖြတ်ကျော်မီးခိုးငွေ့များကြောင့် လေထုညစ်ညမ်းမှုဖြစ်ပေါ်လျက်ရှိရာ တာချီလိတ် စီမံခန့်ခွဲမှုကော်မတီမှ လေထုညစ်ညမ်းမှုအညွှန်းကိန်း ထုတ်ပြန်ပေးခြင်းနှင့် အသိပေးကြေညာချက်များ ထုတ်ပြန်ပေးလျက်ရှိကြောင်း သိရသည်။

ယနေ့နံနက် ၁၀ နာရီ ထုတ်ပြန်ချက်အရ လေထုညစ်ညမ်းမှုအညွှန်းကိန်း AQI(105) ရှိသောကြောင့် သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များနှင့် အသက်ရှူလမ်းကြောင်း ရောဂါရှိသူများအနေဖြင့် တတ်နိုင်သမျှ အိမ်တွင်း၌သာနေထိုင်ကြရန်၊ အပြင်ထွက်ရန် လိုအပ်သူများအနေဖြင့် (Mask)များ တပ်ဆင်ပြီး သွားလာ ကြရန်၊ မျက်စိစပ်ခြင်းများဖြစ်ပေါ်ပါက လက်ဖြင့်ပွတ်သပ်ခြင်းမပြုဘဲ သန့်ရှင်းသော ရေစိုအဝတ်ဖြင့်သုတ်ခြင်း၊ ရေသန့်ဖြင့် ဆေးကြောခြင်းများ ပြုလုပ်ရန်လိုအပ်ကြောင်း၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ဝေဒနာများခံစားရပါက နီးစပ်ရာဆေးရုံ/ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ကြရန် အသိပေးနှိုးဆော် ကြေညာပေးလျက်ရှိကြောင်း သိရသည်။

ထို့အပြင် လေထုညစ်ညမ်းမှုအညွှန်းကိန်း တိုင်းတာရရှိမှုအခြေအနေများအား အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း ခရိုင်စီမံခန့်ခွဲမှုကော်မတီထံမှ သိရှိရသည်။ **ခရိုင်(ပြန်/ဆက်)**

## တရုတ်နိုင်ငံဘက်မှ ဆန်တင်သွင်းမှုလိုင်စင် ရပ်ဆိုင်းမှုကြောင့် ဆန်ကုန်သည်များနှင့် လယ်သမားများ အခက်အခဲကြုံတွေ့နေရ

**မူဆယ် မတ် ၂၇**

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံးနိုင်ငံဖြစ်သည့် တရုတ်နိုင်ငံတွင် ဆန်တင်သွင်းမှုလိုင်စင်ရပ်ဆိုင်းမှုကြောင့် မြန်မာပြည်ရှိဆန်ကုန်သည်များ၊ အလုပ်သမားများနှင့် လယ်သမားများ ဆန်တင်သွင်းရန် အခက်အခဲ ကြုံတွေ့နေရကြောင်း သိရသည်။

**တရားဝင်လိုင်စင်ချပေး**

“အရင်တုန်းကတော့ တရားမဝင်လမ်းကြောင်းအမျိုးမျိုးကနေ တစ်ဖက်နိုင်ငံကို ဆန်တွေတင်သွင်းကြတယ်။ ခုတော့ တရားမဝင်လမ်းကြောင်းကနေ ဘယ်လိုမှ တင်သွင်းလို့မရတော့ဘူး။ တရားဝင်လမ်းကြောင်းတွေကနေပဲ တင်သွင်းလို့ရတော့တယ်။ ပြီးခဲ့တဲ့လကစပြီး တရုတ်အစိုးရဘက်က တရုတ်ကုမ္ပဏီတွေကို တရားဝင်လိုင်စင်ချပေးတယ်။ တရုတ်ကုမ္ပဏီတွေက တရုတ်ပြည်ဘက်ကို ဆန်တင်ပို့ခွင့်ရတဲ့ ကုန်စည်ဒိုင်ကို နောက်ခံပြုထားတဲ့ မြန်မာဘက်က ကုမ္ပဏီတစ်ခုနဲ့ စာချုပ်လာချုပ်တယ်။ စာချုပ်လာချုပ်ပြီးမှ ပစ္စည်း



တစ်ခုတင်ပို့တော့မယ်ဆိုရင် တင်ပို့တဲ့နိုင်ငံ၊ တင်ပို့တဲ့ကုမ္ပဏီ၊ တင်သွင်းမယ့်ပစ္စည်း အဲဒီလိုမျိုးအကုန်ရေးတယ်။ ပြီးမှအိတ်ခွံတွေလဲပြီး တရားဝင်လမ်းကြောင်းကနေ ပို့လို့ရတယ်”ဟု ဆန်စပါးကုန်စည်ဒိုင်အတွင်းရေးမှူး ဦးသန်းဗိုလ်ဦးက ပြောသည်။

ယခုလို လိုင်စင်ယာယီရပ်ဆိုင်းမှုကို တရုတ်နိုင်ငံရှိ ကုမ္ပဏီများဘက်ကလည်း ပြန်လည်အဆင်ပြေအောင် ကြိုးစားဆောင်ရွက်နေပြီး မြန်မာနိုင်ငံဘက်မှ တရားဝင်ဆန်တင်သွင်းရန် အသင့်ရှိနေသော်လည်း တရုတ်နိုင်ငံဘက်မှ တရားဝင်လိုင်စင်များ ပြန်လည်ခွင့်ပြုမှသာလျှင် ပြန်လည်တင်သွင်းလို့ရမည်ဖြစ်ကြောင်း သိရသည်။ တရုတ်နိုင်ငံဘက်မှ တရားဝင်လိုင်စင်ထုတ်လုပ်ပေးရာတွင် ဆန်အမျိုးအစားကို ကန့်သတ်ထားကြောင်းလည်း သိရသည်။

ဆန်သားအရှည်စ မဖြစ်ရဘူး။ မြန်မာပြည်မှာဆိုရင် ရတနာတိုး၊ မော်ဘီ၊ ရက်ကိုးဆယ်တို့က ဆန်သားအရှည်ဆိုတော့ လိုင်စင်မပေးဘူး။ တရုတ်ဘက်က တရားဝင်လိုင်စင်ပေးတဲ့အထဲမှာ ငစိန်ဆန်၊ စူပါ၊ သုခ စတဲ့ ဆန်စအတို၊ ဆန်စအလုံးတို့ကိုပဲ လိုင်စင်ပေးတယ် တရုတ်ဘက်ကလိုင်စင်အခွန်က ဈေးအလွန်များတယ်။ အဲဒါကြောင့် သူတို့က မြန်မာပြည်ကဆန်တွေကို ဈေးနှိမ့်ပြီး ဝယ်ယူကြတယ်။ ဒီထဲမှာရောင်းနိုင်တဲ့သူတွေက ရောင်းတယ်။ မရောင်းနိုင်တဲ့သူတွေက မရောင်းကြဘူး”ဟု ဆန်စပါးကုန်စည်ဒိုင် အတွင်းရေးမှူး ဦးသန်းဗိုလ်ဦးက ဆက်လက်ပြောကြားသည်။

တရုတ်နိုင်ငံဘက်မှ ဆန်တင်သွင်းမှုရပ်ဆိုင်းမှုကြောင့် ဆန်ဈေးကျခြင်း၊ ဆန်ကုန်သည်များ တင်မက ရန်ကုန်-မန္တလေးဘက်မှ မူဆယ်ဘက်တက်လာသည့် ကားများသည် ကုန်များမရှိခြင်းကြောင့် မူဆယ်လမ်းကြောင်းတွင် မှီခိုနေသည့် အလုပ်သမားများ အလုပ်မရှိသည့်အတွက် အခက်အခဲများ ရင်ဆိုင်နေရကြောင်း သိရသည်။

တရုတ်နိုင်ငံတွင် ဆန်အနည်းအကျဉ်း တင်သွင်းခွင့်ရသော်လည်း အကြွေးဖြင့်သာ ဝယ်ယူနေရပြီး သုံး၊ လေးရက်ကြာမှသာလျှင် ရောင်းရငွေများ ရရှိနေကြောင်း သိရသည်။ တရုတ်နိုင်ငံဘက်သို့ ၂၀၁၈ ခုနှစ် ၈ လပိုင်းမှ ဆန်တင်သွင်းခွင့် စတင်ရပ်ဆိုင်းပြီး ယခုလက်ရှိတွင်မူ တရားဝင်လိုင်စင်ပါ ရပ်ဆိုင်းနေရသောကြောင့် ဆန်ကုန်သည်များတင်မက တောင်သူများပါ အခက်တွေ့နေရခြင်းဖြစ်ကြောင်း သိရသည်။ **ဗန်ရိုးထန်(ပြန်/ဆက်)**

# ပြည်သူ့အတွက် သတင်းအချက်အလက်နှင့် အသိပညာဗဟုသုတ ဝန်ဆောင်မှုပေးလျက်ရှိသော နိုင်ငံပိုင်သတင်းစာ

**မေဦးမိုး**




နိုင်ငံပိုင်သတင်းစာဟု ဆိုလိုက်သည်နှင့် မြန်မာ့အလင်း၊ ကြေးမုံ၊ The Global New Light of Myanmar သတင်းစာတို့ကို ရည်ညွှန်းကြောင်း အများပြည်သူသိရှိကြမည်ဟု ထင်ပါသည်။ နိုင်ငံအတွက် ပြည်သူတို့က ရွေးချယ်တင်မြှောက်လိုက်သည့် အစိုးရတစ်ရပ်အနေဖြင့် ပြည်သူ့အကျိုးမျှော်မှန်းပြီး လုပ်ဆောင်လျက်ရှိရာ ထိုသို့ဆောင်ရွက်ချက်များကို ပြည်သူထံ အစီရင်ခံတင်ပြနေသည့် မီဒီယာ ပလက်ဖောင်းဖြစ်ပါသည်။ ထို့ပြင် ပြန်ကြားရေးဝန်ကြီးဌာန၏ မူဝါဒဖြစ်သည့် ပြန်ကြားပေးရန်၊ ပညာပေးရန်နှင့် ဖျော်ဖြေပေးရန်ဟူသည့် ရည်ရွယ်ချက်များကို ဦးတည်ကာ ပြည်သူတို့၏ အကျိုးစီးပွားကို ရည်ရွယ်ထုတ်ဝေနေသည့် သတင်းစာများပင် ဖြစ်ပါသည်။

ပြည်သူလူထုက တစ်ခဲနက် ရွေးကောက်တင်မြှောက်ထားသည့် အစိုးရ၏ သက်တမ်းသည် တတိယတစ်နှစ်တာ ပြီးမြောက်ချိန်သို့ ရောက်ရှိလာခဲ့ပြီဖြစ်ပါသည်။ ပြည်သူ့အစိုးရ၏ သဘောထားခံယူချက်၊ မူဝါဒရေးရာနှင့် ပြည်သူ့အတွက် ဆောင်ရွက်ချက်များ၊ ပြည်သူကိုကိုယ်စားပြုသည့် လွှတ်တော်အသီးသီးမှ ဆောင်ရွက်ချက်များ၊ တရားရေးဆိုင်ရာများအပြင် သတင်းအချက်အလက်နှင့် အသိပညာဗဟုသုတများ၊ ဖျော်ဖြေရေးဆိုင်ရာများကို အချက်အလက် ပြည့်စုံစွာ၊ အထောက်အထားမှန်ကန်စွာ ဖော်ပြလျက်ရှိသည့် နိုင်ငံပိုင်သတင်းစာများသည် အားမာန်ဝင့်ကာဖြင့် ဆက်လက်ထုတ်ဝေလျက်ရှိနေပါသည်။

ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်ကြီးအဖြစ် ရည်မှန်းကြိုးပမ်းနေသည့် ဒီမိုကရေစီအသွင်ကူးပြောင်းစ ယခုအချိန်ကာလတွင် နိုင်ငံပိုင်သတင်းစာများသည် နိုင်ငံအတွက် လိုအပ်ချက်တစ်ခုဖြစ်နေသကဲ့သို့ပြည်သူတို့၏ သတင်းအချက်အလက်သိရှိပိုင်ခွင့်အပေါ် တစ်ထောင့်တစ်နေရာမှ အားဖြည့်ပေးသည်ကိုလည်း မြင်တွေ့ရမည်ဖြစ်ပါသည်။

**အစဉ်အမြဲကြိုးပမ်း**

သတင်းစာဟူသည် ပြည်သူတို့၏ နားနှင့်မျက်စိပင်ဖြစ်သည်။ အများပြည်သူကိုကိုယ်စားပြုသည့် နိုင်ငံပိုင်သတင်းစာများသည် ပြည်သူတို့ သိလိုသမျှ၊ ကြားလိုသမျှသတင်းအချက်အလက်များ၊ ပြည်သူတို့ ရွေးကောက်တင်မြှောက်ထားသည့် အစိုးရ၏ လှုပ်ရှားမှုခြေလှမ်းများကို ပြည်သူထံတင်ပြချက်များနှင့်အတူ ပြည်သူ့အတွက် သိသင့်သိထိုက်သည့် မှတ်သားဖွယ်ရာ သုတ၊ ရသအဖုံဖုံတို့ကို ပေးအပ်နိုင်ရန် အစဉ်အမြဲကြိုးပမ်းလျက်ရှိရာ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုလျက်ရှိသကဲ့သို့ နိုင်ငံ့အကျိုးအတွက် ထမ်းရွက်နေခြင်းလည်း ဖြစ်ပါသည်။

**ပေါင်းကူးတံတားသဖွယ်**

သတင်းစာတိုင်းတွင် သတင်းစာတိုက်၏ ကိုယ်ပိုင်ဟန်ကိုယ်စီ ရှိနေကြပါသည်။ နိုင်ငံပိုင်သတင်းစာများသည်လည်း အများပြည်သူအကျိုးအတွက် ရေးရှုမျက်နှာမူသည့် ကိုယ်ပိုင်ဟန်ဖြင့်ရပ်တည်နေသည့် မီဒီယာပလက်ဖောင်းများပင်ဖြစ်ပါသည်။ နိုင်ငံပိုင်သတင်းစာများ၏ မူဝါဒသည် နိုင်ငံတော်၏ မူဝါဒ၊ ပြည်သူ့အစိုးရ၏မူဝါဒကို အကောင်အထည်ဖော်နေခြင်းပင်ဖြစ်ပါသည်။ ထို့ကြောင့်လည်း ပြန်ကြားရေးဝန်ကြီးဌာနရှိ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သော သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းသည် နိုင်ငံတော်နှင့် ပြည်သူတို့အကြား ပေါင်းကူးတံတားသဖွယ် ရပ်တည်ကာ ဝန်ဆောင်မှုပေးနေခြင်းပင် ဖြစ်ပါသည်။



ပြည်သူ့အစိုးရ၏ လုပ်ဆောင်ချက်များအပေါ်ပြည်သူကို အစီရင်ခံတင်ပြသည့်နည်းတူ ပြည်သူများ၏ လိုအပ်ချက်ကိုလည်း နိုင်ငံတော်အစိုးရသိရှိအောင် ဆောင်ရွက်ပေးလျက်ရှိသည်။ စာဖတ်ပရိသတ်များနှင့် ဈေးကွက်၏တောင်းဆို လိုအပ်ချက်အရလည်း သတင်းစာများတွင် အထူးကဏ္ဍများ စဉ်ဆက်မပြတ် ထည့်သွင်းဖော်ပြပေးလျက်ရှိသည်။ ပြည်သူ့အစိုးရ တာဝန်ယူချိန်မှစ၍ သတင်းစာ၏ အသွင်အပြင်နှင့် အနှစ်သာရကို ပြောင်းလဲဆောင်ရွက်နိုင်ခဲ့ပြီး ဆန်းသစ်တီထွင်မှုများဖြင့်လည်း စဉ်ဆက်မပြတ် ကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေပါသည်။

**အကျိုးရှိစေမည့် ကဏ္ဍစုံတင်ဆက်**

ယခုအခါ အနယ်နယ်အရပ်ရပ်မှ ကျောင်းသားလူငယ်များ လက်ရည်သွေးရာ စာမျက်နှာများဖြစ်သည့် မျိုးဆက်သစ်ရင်ပြင်ကဏ္ဍ၊ ကလေးများ၏ ဉာဏ်ရည်ဉာဏ်သွေးနှင့် ဗဟုသုတများ ပိုမိုတောက်ပလာစေမည့် ကာတွန်းကဏ္ဍ၊ ပြည်သူများ၏ သဘောထားများကို ထုတ်ဖော်ရာ ပြည်သူ့သဘောထားစင်မြင့်ကဏ္ဍ၊ ပြည်သူများ လိုအပ်ချက်ကို အပေါ်လွင်ဆုံးဖော်ပြနိုင်သည့် ထင်သာမြင်သာ ပြုပြင်စရာ၊ နိုင်ငံရေးရာ၊ နိုင်ငံတကာရေးရာ၊ ဥပဒေရေးရာနှင့် စီးပွားရေးရာ၊ လူမှုရေးရာ အထူးဆောင်းပါးများ၊ စိုက်မွေးစီးပွားစာမျက်နှာ၊ အနုပညာမြင်ကွင်းကျယ်စာမျက်နှာနှင့် အားကစားရေးရာအဖြာဖြာတို့အပြင် အနယ်နယ်အရပ်ရပ်တွင်ရှိသည့် ဒေသခံသတင်းထောက်များမှ ပေးပို့လာသည့် သတင်းများ၊ ဓာတ်ပုံမှတ်တမ်းများ စသည်တို့ကို ဝေဝေဆာဆာဖြင့် နေ့စဉ်ဖော်ပြပေးလျက်ရှိပါသည်။

ထို့ပြင် နိုင်ငံတော်၏ ဥပဒေပြုရေးကဏ္ဍအသီးသီးမှ ရောက်ရှိလာသည့် ဥပဒေများ၊ ဥပဒေကြမ်းများ၊ ထီပေါက်စဉ်များ၊ အလုပ်အကိုင်ခေါ်ယူမှုများ၊ နေ့စဉ်ဈေးကွက် သတင်းများ၊ မိုးလေဝသသတင်းအခြေအနေများနှင့် ပြည်သူများ ရာသီအလိုက် သတိထားရမည့် အချက်အလက်များ၊ ဆင်ခြင်ဖွယ်ရာများ၊ သိမှတ်စရာများကို စဉ်ဆက်မပြတ် ဖော်ပြပေးလျက်ရှိပါသည်။

**ဒေသပရိသတ်များ၏ အသံစုံလင်စွာပါဝင်**

ထို့ပြင် ဒေသအသီးသီးရှိ စာဖတ်ပရိသတ်များအတွက် အထူးကဏ္ဍများကိုလည်း ထည့်သွင်းဖော်ပြပေးလျက် ရှိပါသည်။ ရန်ကုန်သူ ရန်ကုန်သားများအတွက် Today Yangon ယနေ့ရန်ကုန် စာမျက်နှာများကို အချပ်ပိုအဖြစ် ထုတ်ဝေပေးနေပြီး လူမှုဘဝသတင်းများ၊ ဆင်ခြင်ဖွယ်ရာများ၊ သတင်းအချက်အလက်များနှင့် ဖွံ့ဖြိုးတိုးတက်မှုများအတွက် ဖြည့်ဆည်းပေးလျက်ရှိပါသည်။ ရခိုင်ပြည်နယ်အတွင်းရှိ သွေးချင်းများအတွက် ရခိုင်ရွှေမြေစာမျက်နှာကိုလည်း အပတ်စဉ် အချပ်ပိုအဖြစ် ထုတ်ဝေပေးလျက်ရှိပါသည်။ တိုင်းရင်းသားလူမျိုးများအတွက် မွန်ဘာသာ၊ စကောကရင်ဘာသာ၊ ပိုးကရင်ဘာသာ၊ ပအိုဝ်းဘာသာများဖြင့် သတင်းများကို ရိုက်နှိပ်ဖော်ပြခြင်း၊ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများ မပျောက်ကွယ်ရေးအတွက် တိုင်းရင်းသား အချပ်ပိုစာမျက်နှာများကိုလည်း ရိုက်နှိပ်ထုတ်ဝေပေးလျက်ရှိပါသည်။ မန္တလေးနှင့် အထက်မြန်မာပြည် အကြောင်းအရာများကို ပိုမိုဝေဆာစွာ ဖတ်ရှုနိုင်ရန်အတွက် ရည်ရွယ်ကာ မန္တလေးစာမျက်နှာကိုလည်း အပတ်စဉ် အချပ်ပိုထည့်သွင်း ဖော်ပြဝန်ဆောင်မှုပေးနေပါသည်။

**ဒစ်ဂျစ်တယ်သတင်း စာမျက်နှာသစ်ဖွင့်**

ထို့ပြင် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းသည် ခြေလှမ်းသစ်အဖြစ် Myanmar Digital News ဒစ်ဂျစ်တယ်သတင်းစာသစ်ကို ၂၀၁၈ ခုနှစ်တွင် အောင်မြင်စွာထုတ်လွှင့်နိုင်ခဲ့သည်။ အစိုးရ၏ လုပ်ဆောင်ချက်များ၊ အသိပေးလိုသောအချက်များကို အချိန်မဆိုင်း ပြည်သူထံ တင်ပြနိုင်ရန်အပြင် ပြည်သူများအတွက် ဖျော်ဖြေရေးကဏ္ဍ၊ ပညာပေးရေးကဏ္ဍတို့ဖြင့် Myanmar Digital News ၏ News Portal သည် အသွင်သစ်ဖြင့် မီဒီယာတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နေပြီ ဖြစ်ပါသည်။ နောက်ဆုံးရသတင်းများအပါအဝင် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုဘဝအရေးများနှင့် တိုင်းရင်းသားရေးရာ သတင်းအချက်အလက်များကို Multimedia အဖြစ် ဖော်ပြပေးနိုင်ခဲ့ပြီဖြစ်ပါသည်။ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှစတင်၍ Myanmar Digital News ၏ Digital Newspaper နှင့် News Portal အား အဆင့်မြှင့်တင်ခြင်းများကို ဆောင်ရွက်ခဲ့ပြီး နိုင်ငံတကာအဆင့်မီ ဒစ်ဂျစ်တယ်သတင်းစာအဖြစ် အရည်အသွေးများ ပြောင်းလဲတင်ဆက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

**ဝင်ငွေခွန်နှင့် နိုင်ငံတော်ထည့်ဝင်ငွေများ ပေးသွင်း**

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းသည် နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများတွင် ပါဝင်ပြီး အမြတ်အစွန်းကို ရှေးရှုဆောင်ရွက်ခြင်းမရှိသော်လည်း သင့်တင့်သောဝင်ငွေဖြင့် လုပ်ငန်းသုံးရင်းနှီးငွေဖြစ်သည့် Other Account(OA)တွင် စုဆောင်းထားနိုင်ခြင်းကြောင့် လုပ်ငန်းသုံးရင်းနှီးငွေများမှ တစ်ဆင့် ဝန်ထမ်းများ၏ လစာငွေ၊ အငြိမ်းစားဝန်ထမ်း ၉၀၀ နီးပါး၏ ပင်စင်လစာ၊ သတင်းစာထုတ်လုပ်မှုစရိတ်များနှင့် သာမန်အသုံးစရိတ်များ၊ ငွေလုံးငွေရင်းအသုံးစရိတ်များ အားလုံးကို ယင်းစုဆောင်းငွေများထဲမှပင် သုံးစွဲနိုင်သည့် လုပ်ငန်းကြီးတစ်ခုလည်း ဖြစ်နေပါသည်။

သတင်းစာထုတ်လုပ်ရာတွင် အသုံးပြုရသည့် ကုန်ကြမ်းများဝယ်ယူခြင်းမှသည် ပြည်သူ့လက်ဝယ် သတင်းစာရောက်ရှိသည်အထိ အဆင့်ဆင့်တွင် ပေးဆောင်ရသည့် အခွန်အခများကိုလည်း အခွင့်ထူးခံခြင်းမရှိဘဲ တာဝန်ကျေပွန်စွာ ပေးဆောင်လျက်ရှိပါသည်။ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းသည် ဘဏ္ဍာနှစ်အလိုက် အမြတ်ငွေ၏ ၂၅ ရာခိုင်နှုန်းကို ဝင်ငွေခွန်အဖြစ်လည်းကောင်း၊ ၂၀ ရာခိုင်နှုန်းကို နိုင်ငံတော်ထည့်ဝင်ငွေအဖြစ်လည်းကောင်း နိုင်ငံတော်သို့ နှစ်စဉ်မပျက်မကွက် ပေးဆောင်လျက်ရှိနေပါသည်။

**မလွဲမရှောင်သာ**

နိုင်ငံပိုင်သတင်းစာများသည် နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ထုတ်ဝေဖြန့်ချိလျက်ရှိရာ တစ်ကြိမ်တစ်ခါမှ အရှုံးမရှိခဲ့ဘဲ သင့်တင့်မျှတသော အမြတ်ငွေကိုပင် နိုင်ငံတော်အတွက် ရှာဖွေပေးသွင်းနိုင်ခြင်း ဖြစ်ပါသည်။ အများပြည်သူ အကျိုးစီးပွားအတွက် ကြော်ငြာလုပ်ငန်းဖြင့်လည်း ဝန်ဆောင်မှုပေးလျက်ရှိရာ ၎င်းကြော်ငြာဝင်ငွေများကြောင့်လည်း သတင်းစာဈေးနှုန်းကို မူလကျသင့်ငွေထက် သိသိသာသာ လျော့နည်းကာ ခုနှိမ်ရောင်းချပေးနိုင်ခြင်း ဖြစ်သည်။ ထို့ကြောင့် ပြည်သူများ ဈေးနှုန်းချိုသာစွာဖြင့် သတင်းစာများ ဝယ်ယူဖတ်ရှုနိုင်ခြင်းလည်း ဖြစ်ပါသည်။

သတင်းစာလုပ်ငန်းကို သတင်းစာရောင်းချရငွေနှင့် ကြော်ငြာဝင်ငွေတို့အပြင် စက္ကူလုံးကျန်၊ စာမျက်နှာ ၉ သို့ »»



**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းသည် နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများတွင် ပါဝင်ပြီး အမြတ်အစွန်းကို ရှေးရှုဆောင်ရွက်ခြင်းမရှိသော်လည်း သင့်တင့်သော ဝင်ငွေဖြင့် လုပ်ငန်းသုံးရင်းနှီးငွေဖြစ်သည့် Other Account (OA) တွင် စုဆောင်းထားနိုင်ခြင်းကြောင့် လုပ်ငန်းသုံးရင်းနှီးငွေများမှတစ်ဆင့် ဝန်ထမ်းများ၏ လစာငွေ၊ အငြိမ်းစားဝန်ထမ်း ၉၀၀ နီးပါး၏ ပင်စင်လစာ၊ သတင်းစာထုတ်လုပ်မှု စရိတ်များနှင့် သာမန်အသုံးစရိတ်များ၊ ငွေလုံးငွေရင်း အသုံးစရိတ်များအားလုံးကို ယင်းစုဆောင်းငွေများထဲမှပင် သုံးစွဲနိုင်သည့် လုပ်ငန်းကြီးတစ်ခုလည်း ဖြစ်နေပါသည်။**

»»» စာမျက်နှာ ၈ မှ

လိပ်ခွာရောင်းရငွေ၊ မင်ပုံးခွံ ရောင်းချရငွေ၊ ရိုက်ပျက်စက္ကူရောင်းချရငွေ စသည့် စွန့်ပစ်ပစ္စည်းများ ရောင်းရငွေအပါအဝင် အထွေထွေ အရပ်ရပ်ဝင်ငွေများဖြင့် နိုင်ငံ့ဘဏ္ဍာ အရှုံးမဖြစ်ပေါ်စေရန်နှင့် သင့်တင့်မျှတသော အမြတ်ငွေရရှိနိုင်ရန် ချင့်ချိန်ဂရုပြု ဆောင်ရွက်လျက်ရှိသော်လည်း ယခုအခါ သတင်းစာထုတ်လုပ်မှု၏ အဓိကကုန်ကြမ်းဖြစ်သော သတင်းစာစက္ကူဈေးနှုန်း ကမ္ဘာတစ်ဝန်းတွင် မြင့်တက်လာမှု၊ နိုင်ငံခြားငွေလဲလှယ်နှုန်း တိုးမြင့်လာမှုတို့ကြောင့် သတင်းစာထုတ်လုပ်မှုစရိတ် မြင့်တက်လာသဖြင့် နိုင်ငံတော်ဘဏ္ဍာငွေ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် မလွှဲမရှောင်သာဘဲ ၂၀၁၉ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစတင်ပြီး ဈေးနှုန်းတိုးမြှင့် ရောင်းချမှုကို ပြုလုပ်ရခြင်းဖြစ်ပါသည်။

**စနစ်တကျ စာရင်းစစ်ဆေးခံယူ**

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းသည် နိုင်ငံပိုင်စီးပွားရေး အဖွဲ့အစည်းတစ်ခု ဖြစ်သည်နှင့်အညီ ငွေကြေးဆိုင်ရာများကို မူဘောင်အတွင်းမှ စနစ်တကျ အသုံးပြုရပြီး အလေအလွင့်မရှိအောင် တာဝန်ရှိသူ အဆင့်ဆင့်မှလည်း စစ်ဆေးကြပ်မတ် ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် ဌာန၏ ရငွေ၊ သုံးငွေ ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များကို ဝန်ကြီးရုံး၏ ဌာနတွင်း စာရင်းစစ်အဖွဲ့မှ လစဉ်စစ်ဆေးခြင်း၊ နှစ်ချုပ်စာရင်းများ ရေးဆွဲပြီးပါက ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် သတင်းစာတိုက်များ အလိုက်တည်ရှိသော တိုင်းဒေသကြီး/ ပြည်နယ် စာရင်းစစ်အဖွဲ့များက စာရင်းစစ်ဆေးမှုစံနှုန်းနှင့်အညီ စနစ်တကျ စာရင်းစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိနေပါသည်။

နိုင်ငံပိုင်သတင်းစာများ၏ အလုပ်ရှင်သည် နိုင်ငံတော်၊ အစိုးရနှင့် ပြည်သူများဟု ခံယူဆောင်ရွက်လျက်ရှိနေပါသည်။ မြန်မာ့အလင်း၊ ကြေးမုံနှင့် Global Direct Link ကုမ္ပဏီနှင့် အကျိုးတူ(Joint Venture) အဖြစ် ပူးပေါင်းဆောင်ရွက်နေသော The Global New Light of Myanmar သတင်းစာ၊ အွန်လိုင်းမီဒီယာဖြစ်သည့် Myanmar Digital News တို့တွင် တာဝန်ထမ်းဆောင်နေကြသူများသည် သတင်းစာကျင့်ဝတ်များအပြင် နိုင်ငံပိုင်မီဒီယာများအတွက် သီးခြားထုတ်ပြန်ထားသည့် ကျင့်ဝတ်များ၊ လူမှုတာဝန်သိသော မီဒီယာဆိုင်ရာ ကြော်ငြာမူဝါဒများကို လိုက်နာလုပ်ဆောင်ကြရပြီး နိုင်ငံ့ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများအတွင်းမှ ပြည်သူနှင့် နိုင်ငံတော်အကျိုးအတွက် ရည်ရွယ်၍ သတင်းမှန်ထုတ်ပြန်ခြင်းကို ဆောင်ရွက်ပေးနေခြင်းလည်းဖြစ်ပါသည်။

ထို့ပြင် ပြည်သူများ သိရှိလိုသည့် ဖြစ်စဉ်ဖြစ်ရပ်များကိုလည်း ရိုးရှင်းသည့် သတင်းချဉ်းကပ်ပုံဖြင့် သတင်းရယူပြီး တိကျသည့် သတင်းအချက်အလက်များ ဖော်ပြမှုဖြင့် ပိုမိုကောင်းမွန်သည့် ပြည်သူ့အကျိုးပြု သတင်းစာများဖြစ်လာစေရန် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိနေပါသည်။

**ခေတ်မီစက်ကို ပြောင်းလဲအသုံးပြု**

၂၀၀၆ ခုနှစ်က တပ်ဆင်ဝယ်ယူထားခဲ့သည့် ရောင်စုံ ၁၆ မျက်နှာပုံနှိပ်နိုင်သော စက်နေရာ၌ ၂၀၁၈ ခုနှစ် မေလ ၈ ရက်တွင် ၃၂ မျက်နှာ တစ်ပြိုင်တည်း ရိုက်နှိပ်နိုင်သည့် အလိုအလျောက် စက္ကူလုံးလဲလှယ်စနစ်ပါရှိသော Goss Community 4 Hi Tower 4 Unit Web offset (with splicer) ပုံနှိပ်စက်အား ပြောင်းလဲအသုံးပြုနိုင်ခဲ့သည့်အတွက် အရည်အသွေးကောင်းမွန်သော



ကြေးမုံသတင်းစာတိုက်၏ သတင်းခန်းအတွင်း သတင်းစာလုပ်ငန်းဆောင်ရွက်နေစဉ်။

သတင်းစာများကို စာဖတ်ပရိသတ်လက်ဝယ်သို့ စောစီးစွာဖြန့်ချိပေးနိုင်ပြီဖြစ်ပါသည်။

ပစ္စည်းများဝယ်ယူမှုနှင့် ပတ်သက်ပြီး သတင်းစာရိုက်နှိပ်သည့် ပုံနှိပ်စက်မှစ၍ ကုန်ကြမ်းပစ္စည်းများ၊ ရုံးလုပ်ငန်းသုံးပစ္စည်းများကို ဝယ်ယူရာတွင် နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ နှင့်အညီ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် ဝန်ကြီးဌာနက ဖွဲ့စည်းထားသည့် ပြည်တွင်း ပြည်ပ ပစ္စည်းများ ဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီဖြင့် ဝယ်ယူခြင်း ဆောင်ရွက်လျက်ရှိပါသည်။ ပစ္စည်းဝယ်ယူရေး အစည်းအဝေးမှတ်တမ်းကို ဗီဒီယိုမှတ်တမ်းများ၊ CCTV မှတ်တမ်းများထားရှိပြီး ပွင့်လင်းမြင်သာစွာဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

**သိပိုင်ခွင့်အတွက် အခမဲ့ဖြန့်ဝေ**

သတင်းစာဖြန့်ချိမှုစနစ်များကို လက်ရှိအခြေအနေနှင့်အညီ နိုင်ငံတစ်ဝန်း ပျံ့နှံ့ရောက်ရှိနိုင်ရေးအတွက် ကိုယ်ပွားသတင်းစာတိုက်များ ထားရှိဆောင်ရွက်ခြင်း၊ သတင်းစာကိုယ်စားလှယ်များကို စိစစ်ခန့်အပ်ခြင်းတို့ဖြင့် မြန်ဆန်ချောမွေ့သည့် သတင်းစာ ဖြန့်ချိမှုစနစ် ဖြစ်ပေါ်လာရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ရခိုင်ပြည်နယ်ရှိ ပြည်သူများ သတင်းအချက်အလက်နှင့် အသိပညာဗဟုသုတ တိုးပွားနိုင်စေရန်အတွက် သတင်းစာများ ဖတ်ရှုနိုင်ရန် မြန်မာ့အလင်း သတင်းစာ စောင်ရေ ၂၀၀၀ နှင့် The Global New Light of Myanmar သတင်းစာစောင်ရေ ၂၅၀ ပြည်သူ့လက်ဝယ်အရောက် အခမဲ့ဖြန့်ချိပေးလျက်ရှိပါသည်။

**စာဖတ်ပရိသတ်၏ ရွေးချယ်ပိုင်ခွင့်**

မီဒီယာလုပ်ငန်းတစ်ခု အောင်မြင်ခြင်း၊ ကျရှုံးခြင်းတို့သည် ပြည်သူလူထု လက်ခံအားပေးမှုနှင့် တိုက်ရိုက်အချိုးကျလျက်ရှိသည်ဟု မြင်ပါသည်။ အများပြည်သူအနေဖြင့် မိမိတို့ ယုံကြည်အားကိုးသည့် သတင်းဌာနကို ရွေးချယ်မည်သာဖြစ်သကဲ့သို့ ပြည်သူတို့ ယုံကြည်အားထားရသည့် မီဒီယာသည်လည်း ဆက်လက်ရှင်သန်ခွင့်ရလိမ့်မည်ဟု ထင်ပါသည်။ မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာနှစ်စောင်ကိုကြည့်လျှင် စာဖတ်ပရိသတ်မှာ သူ့အကြိုက်နှင့်သူ သီးခြားစီရှိနေကြသည့် အားလျော်စွာ စာဖတ်ပရိသတ်များ ကိုယ်စီလက်ခံနေသမျှ မြန်မာ့အလင်းနှင့် ကြေးမုံဟူ၍ သီးခြားစီရပ်တည်နေကြမည်သာ ဖြစ်ပါသည်။ အကယ်၍ စာဖတ်ပရိသတ်၏ ယုံကြည်အားပေးမှု လျော့နည်းမှုကြောင့် ဝင်ငွေလျော့ကျပြီး နိုင်ငံတော်ဘဏ္ဍာငွေ အရှုံးဖြစ်ပေါ်လာပါက တာဝန်ရှိအဖွဲ့အစည်းများအနေဖြင့်လည်း ထောက်ညွှန်မှုများ အသီးသီးရှိလာကြမည်ဖြစ်ရာ ၎င်းသတင်းစာများ၏ ရှင်သန်ရပ်တည်နိုင်မှုမှာလည်း အခက်အခဲများရှိလာမည်သာ ဖြစ်ပါသည်။ ထိုအချိန်မျိုးတွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအနေဖြင့် ၎င်းတို့ ရှင်သန်ရပ်တည်ရေးအတွက် လျှောက်လှမ်းရမည့် လမ်းကြောင်းများကို ရွေးချယ်ချီတက်ကြရမည်သာ ဖြစ်ပါသည်။

**တစ်ထောင့်တစ်နေရာမှ**

နိုင်ငံပိုင် သတင်းစာလုပ်ငန်းသည် အမြတ်အစွန်းကို အဓိကထား ဦးတည်ဆောင်ရွက်ခြင်း မရှိသော၊ စီးပွားရေးဆန်ဆန် လုပ်ဆောင်နေခြင်းမဟုတ်သော နိုင်ငံပိုင်စီးပွားရေး အဖွဲ့အစည်းအဖြစ်ရပ်တည်နေသည့်အပြင် ပြည်သူနှင့် အစိုးရအကြား ပေါင်းကူးပေးနေသည့် ပြည်သူ့အကျိုးပြု သတင်းစာများသာ ဖြစ်ပါသည်။ ပြည်သူ့အပေါ် ဆန့်ကျင်ခြင်း၊ ပြည်သူအတွက် နစ်နာအောင်ပြုလုပ်ခြင်းနှင့် ပြည်သူ၏ ကိုယ်စိတ်နှလုံးကို ညစ်ညူးအောင် ပြုလုပ်ခြင်းများကို ရှောင်ရှားပြီး အများပြည်သူ ဝန်ဆောင်မှုမီဒီယာ၏ လုပ်နည်းလုပ်ဟန်များနှင့်အညီ သတင်းစာကျင့်ဝတ်နှင့် တာဝန်ကို ပြဋ္ဌာန်းလိုက်နာဆောင်ရွက်လျက်ရှိနေပါသည်။ ထို့ပြင် ပြည်သူတို့၏ သတင်းသိရှိပိုင်ခွင့်အပေါ် တစ်ထောင့်တစ်နေရာမှ တတ်စွမ်းသမျှ ကြိုးပမ်းဖြည့်ဆည်းဆောင်ရွက်ပေးမှုဖြင့် အများပြည်သူအတွက် ဝန်ဆောင်မှုပေးလျက်ရှိနေမည်သာဖြစ်ပါကြောင်း။ ။



နေ့စဉ်ထုတ် သတင်းစာများ ရိုက်နှိပ်ထုတ်ဝေရာတွင် မင်ကျမင်နကောင်းမွန်ရေး ပုံနှိပ်စက်အဖွဲ့သားများ ချိန်ညှိဆောင်ရွက်နေစဉ်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ဒေါက်တာမျိုးသိမ်းကြီး ကလေးစာပေပွဲတော်(ပဲခူး) ကြိုတင်ပြင်ဆင်ထားမှုများ ကြည့်ရှုစစ်ဆေး

**ပဲခူး မတ် ၂၇**

ကလေးစာပေပွဲတော် စာအုပ်စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲကျင်းပမည့် ပဲခူးမြို့ ပဲခူးတက္ကသိုလ်အတွင်း ကြိုတင်ပြင်ဆင်နေမှုများကို ယနေ့ညနေပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးတို့က သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ပြည်ထောင်စုဝန်ကြီးများသည် ပဲခူးတိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများနှင့်အတူ ပဲခူးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ မျက်နှာစာရှေ့တွင် ခင်းကျင်းပြသထားသည့် ရှေးဟောင်းကျောက်စာများ၊ ၂၀၁၈ ခုနှစ်အတွင်း ထုတ်ဝေခဲ့သည့် စာအုပ်များ ခင်းကျင်းပြသထားမှုနှင့် အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် မှတ်တမ်း၊ မော်ကွန်းများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများသည် တက္ကသိုလ်စာကြည့်တိုက်အတွင်း ခင်းကျင်းပြသထားသည့် ဆရာမင်းသုဝဏ် ဘဝမှတ်တမ်းဓာတ်ပုံများနှင့် ဆရာမင်းသုဝဏ်၏ ကလေးကဗျာများ ခင်းကျင်းပြသထားမှု၊ ကလေးစာဖတ်ခန်း၊ နည်းပညာမိတ်ဆက်ပြခန်းများ၊ ဌာနဆိုင်ရာပြခန်းများနှင့် အဖွဲ့အစည်းများမှ ခင်းကျင်းပြသထားသည့် ပြခန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ဝေလျှံ



# ရန်ကုန်မြို့ရှိ ဦးသန့်နေအိမ်၊ ဝန်ကြီးများရုံးနှင့် ရွှေတိဂုံစေတီတော်သို့ ချက်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အဖွဲ့ သွားရောက်လေ့လာ

**ရန်ကုန် မတ် ၂၇**

ချက်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Tomas Kryl (Economic and Operational Section ) နှင့်အဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ ဦးသန့်နေအိမ်သို့ သွားရောက်လေ့လာသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့အား ဦးသန့်နေအိမ် စီမံကိန်းအရာရှိ ဒေါ်ခင်ထက်ထက်လွင်က နေအိမ်အတွင်း လိုက်လံရှင်းလင်းပြသသည်။

**ရှင်းလင်းပြသ**

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ဝန်ကြီးများရုံး (ယခင်အတွင်းဝန်ရုံး) သို့ ရောက်ရှိကြရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ အတွင်းရေးမှူး ဒေါ်လှိုင်မော်ဦး၊ ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့နှင့် အနော်မာအဖွဲ့မှ တာဝန်ရှိသူများက ဝန်ကြီးများရုံးအတွင်း လိုက်လံရှင်းလင်းပြသကြသည်။



ချက်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အဖွဲ့ ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ ဦးသန့်နေအိမ်သို့ သွားရောက်လေ့လာစဉ်။

ညပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရွှေတိဂုံစေတီတော်သို့ သွားရောက်ကာ ရွှေတိဂုံစေတီတော် တောင်ဘက်မုခ် ဧည့်ခံတန်ဆောင်းရှိ ရွှေစေတီတော်အား ဖူးမြော်ကြည်ညိုပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ဆက်လက်၍ ရွှေတိဂုံစေတီတော် မြတ်ကြီးအား ပန်း၊ ဆီမီး၊ ရေချမ်း၊ အမွှေးနံ့သာများ ကပ်လှူပူဇော်ပြီး ရွှေတိဂုံစေတီဂေါပကအဖွဲ့သို့ အလှူငွေများ ပေးအပ်လှူဒါန်းကာ စေတီတော်မြတ်ကြီးအား လက်ယာရစ်တစ်ပတ် လှည့်လည်ဖူးမြော်ကြည်ညိုကာ သာသနိကအဆောက်အအုံများကို ကြည့်ရှုလေ့လာကြသည်။

သတင်းစဉ်

# ပျဉ်းမနားမြို့နယ်၌ အင်္ဂလိပ်စကားပြောကျွမ်းကျင်မှုပြိုင်ပွဲ ကျင်းပ

**နေပြည်တော် မတ် ၂၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် JEK ပညာဒါနသင်တန်းတို့ ပူးပေါင်းကျင်းပသည့် အင်္ဂလိပ်စကားပြောကျွမ်းကျင်မှုပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ပျဉ်းမနားမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။


ရှေးဦးစွာ နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က အဖွင့်အမှာစကားပြောကြားပြီး ကနေဒါနိုင်ငံမှ Ms. Kathleen Morarity(International English Language Expert)က ပြိုင်ပွဲနှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် JEK ပညာဒါနသင်တန်းတွင် အင်္ဂလိပ်ဘာသာစကားသင်ကြားလျက်ရှိသည့် သင်တန်းသား သင်တန်းသူ ၅၀ တို့က တစ်အုပ်စုလျှင် ငါးဦးဖြင့် အင်္ဂလိပ်စကားပြောကျွမ်းကျင်မှုပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ကြရာ ပြိုင်ပွဲတွင် ဆုရရှိသူများအား နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

စိုးမိုး(ပြန်/ဆက်)



PUN HLAING SILOAM HOSPITALS
Only JCIA Hospital In Myanmar
မှန်ပြောင်းဖြင့် မီးယပ်ရောဂါဆိုင်ရာ ခွဲစိတ်ကုသမှု အစီအစဉ်
သင့်ရဲ့ မီးယပ်ဆိုင်ရာရောဂါများကို အတွေ့အကြုံများစွာရှိသော မလေးရှားနိုင်ငံမှ ဆရာဝန်ကြီး နှင့် ယုံကြည်စိတ်ချစွာ ခွဲစိတ်ကုသမှုခံယူနိုင်ပါပြီ။
ဧပြီလ (၆) ရက် မှ (၇) ရက်နေ့အထိ
လူဦးရေကန့်သတ်ထားပါသဖြင့် အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်၍ ကြိုတင်စာရင်းပေးသွင်းပါ။
facebook Pun Hlaing Siloam Hospitals
ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၃၆၈ ၄၃၂၃၊ ၃၆၈ ၄၃၂၅၊ ၃၆၈ ၄၃၃၆၊ ၃၆၈ ၃၀၁၅၊ ၃၆၈ ၃၀၆၀၊ (၀၉) ၄၂၀၀၄၂၆၇၉



# နိုင်ငံခြားသားခရီးသွားဧည့်သည်များ ဒလမြို့ရှိ အထင်ကရနေရာများနှင့် လူနေမှုဘဝပုံစံများအား လေ့လာ



**ရန်ကုန် မတ် ၂၇**

ရန်ကုန်ပန်းဆိုးတန်းဆိပ်ကမ်းမှတစ်ဆင့် ဒလဆိပ်ကမ်းဘက်သို့ ဂျပန်နိုင်ငံမှ လှူဒါန်းထားသော ချယ်ရီသင်္ဘောဖြင့် လိုက်ပါလာသည့် အင်္ဂလန်နိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ ဂျာမနီနိုင်ငံနှင့် တရုတ်နိုင်ငံတို့မှ ခရီးသွားဧည့်သည် စုစုပေါင်း ၄၅ ဦးတို့သည် ယနေ့ နံနက် ၁၀ နာရီက ဒလမြို့တွင်းရှိ အနေ့းယာဉ်ဆိုက်ကားများစီး၍ ရှေးဟောင်းသမိုင်းဝင်ဆုတောင်းပြည့် ရွှေစာရံစေတီတော်မြတ်ကြီးနှင့် ရဟန္တာဦးပညာစံကျောင်းနှင့် ဈေးရောင်းဈေးဝယ်သူများဖြင့် စည်ကားလျက်ရှိသည့် ဦးအောင်ဇေယျဈေးတို့အား သွားရောက်လေ့လာခဲ့ကြသည်။

**သွားရောက်လေ့လာ**

နိုင်ငံခြားသား ခရီးသွားဧည့်သည့်များသည် ရန်ကုန်မြစ်တစ်ဖက်ကမ်းတွင် တည်ရှိသော ဒလမြို့နယ်ရှိ သမိုင်းဝင်ဘုရားစေတီများ၊ ဒေသခံပြည်သူများ၏ လူနေမှုဘဝပုံစံများ၊ မြို့နယ်ဈေးများ၊ တစ်နိုင်တစ်ပိုင်လုပ်ငန်းများ၊ ဖယောင်းတိုင်လုပ်ငန်း၊ ကော်ပြန့်လုပ်ငန်း၊ Recycle စွန့်ပစ်ပစ္စည်းများနှင့် ပြုလုပ်သည့် လက်မှုပစ္စည်းပြခန်းအရောင်းဆိုင်၊ ငါးဖမ်းအသက်မွေးဝမ်းကျောင်း လုပ်ကိုင်နေထိုင်ကြသည့် တံငါတဲများ၊ လယ်ယာမြေ ရှုခင်းအလှများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတို့အား အများဆုံးသွားရောက်လေ့လာမှုများကို စုစည်းတင်ပြလိုက်ပါသည်။

**သတင်းနှင့်ဓာတ်ပုံ**
**နိုင်လင်းကျော်(ဒလ)**












"Chinese New Year Promotion"
12 လစာ ပေးရုံဖြင့် 15 လစာ နေထိုင်နိုင်မည့်အခွင့်အရေး




➤ လှိုင်သာယာမြို့နယ်၊ ရွှေကမ်းသာယာအိမ်ရာရှိ ၂ထပ်လုံးချင်းဆိုင်ခန်းများ၊ ၂ထပ်လုံးချင်းအိမ်များအား ကုမ္ပဏီမှတိုက်ရိုက်ငှားရမ်းပေးနေပါပြီ။



➤ အကျိုးဆောင်ခပေးရန်မလိုပါ၊ အရေအတွက်ကန့်သတ်ထားပါသည်။

ဖုန်း-၆၅၀၅၃၅၊၆၆၆၀၈၃၊၆၅၀၄၃၆၊၀၉-၇၃၁၅၄၄၂၄၊၆၆၃၅၇၈ သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

# ကမ္ဘာပတ်လမ်းကြောင်းအနိမ့်ပိုင်း၌ ပျံသန်းနေသည့်ဂြိုဟ်တုတစ်လုံးကို အိန္ဒိယက မြေပြင်မှဒုံးကျည်ဖြင့်ပစ်ခတ်မှု အောင်မြင်

**နယူးဒေလီ မတ် ၂၇**

ကမ္ဘာပတ်လမ်းကြောင်းအနိမ့်ပိုင်းတွင် ပျံသန်းနေသည့် ဂြိုဟ်တုတစ်လုံးကို အိန္ဒိယနိုင်ငံက မတ် ၂၇ ရက်တွင် မြေပြင်မှဒုံးကျည်ဖြင့် စမ်းသပ်ပစ်ခတ်ဖျက်ဆီးနိုင်ခဲ့ကြောင်း အိန္ဒိယဝန်ကြီးချုပ် မိုဒီက ပြောကြားခဲ့ပြီး အိန္ဒိယနိုင်ငံသည် အာကာသသိပ္ပံဆိုင်ရာတွင် အင်အားကြီးနိုင်ငံဖြစ်လာပြီဟု ဆက်လက်ပြောကြားခဲ့သည်။




အမေရိကန်ပြည်ထောင်စု၊ ရုရှားနှင့်တရုတ်နိုင်ငံတို့ပြီးလျှင် အိန္ဒိယနိုင်ငံက ကမ္ဘာပတ်လမ်းကြောင်းအတွင်းရှိ ဂြိုဟ်တုကို မြေပြင်မှဒုံးကျည်ဖြင့်ပစ်ချနိုင်စွမ်းရှိသည့် စတုတ္ထမြောက်နိုင်ငံ ဖြစ်လာခဲ့သည်။

အိန္ဒိယနိုင်ငံတွင် အထွေထွေရွေးကောက်ပွဲကျင်းပရန် ရက်သတ္တပတ်အနည်းငယ်အလိုတွင် ဝန်ကြီးချုပ်က ပြည်သူများသို့ ရုပ်မြင်သံကြားမှ မိန့်ခွန်းပြောကြားမှုကို ရှားရှားပါးပါး ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ယင်းမိန့်ခွန်းတွင် အိန္ဒိယသိပ္ပံပညာရှင်များက ကမ္ဘာပတ်လမ်းကြောင်း အနိမ့်ပိုင်းတွင် ပျံသန်းနေသည့် ဂြိုဟ်တုတစ်လုံးကို ပစ်ချခဲ့ကြောင်း ဝန်ကြီးချုပ်မိုဒီက ပြောကြားခဲ့သည်။

အိန္ဒိယဝန်ကြီးချုပ်မိုဒီသည် ၂၀၁၆ ခုနှစ် ကုန်ပိုင်းကတည်းကစပြီး နိုင်ငံသို့ပထမဆုံးအကြိမ် ရုပ်မြင်သံကြားမှ မိန့်ခွန်းပြောကြားခြင်းဖြစ်ပြီး ယခုဖြစ်ရပ်သည် အိန္ဒိယနိုင်ငံအတွက် ဂုဏ်ယူဖွယ်ရာဖြစ်သည်ဟု ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံအရှေ့ပိုင်း ဩရိဿပြည်နယ်ရှိ ဒုံးကျည်စမ်းသပ်သည့်စခန်းတစ်ခုမှ ဒုံးကျည်ကို ပစ်လွှတ်ခဲ့ခြင်းဖြစ်ပြီး အဆိုပါဒုံးကျည်က ကီလိုမီတာ ၃၀၀ နီးပါးအမြင့်တွင် ဝန်းပတ်ပျံသန်းနေသည့်ဂြိုဟ်တုကို ဖျက်ဆီးခဲ့ခြင်းဖြစ်သည်။ ယင်းမှာ ခက်ခဲသည့်လုပ်ဆောင်မှုဖြစ်ပြီး အချိန်ပိုင်းအားဖြင့် သုံးမိနစ်နီးပါးမျှသာကြာသည်ဟု အိန္ဒိယဝန်ကြီးချုပ်မိုဒီက ပြောကြားခဲ့သည်။

လွန်ခဲ့သည့်လအတွင်းက အိန္ဒိယနှင့်ပါကစ္စတန်လေတပ်တို့မှ တိုက်လေယာဉ်များသည် ပိုင်ဆိုင်မှုအငြင်းပွားနေသည့် ကက်ရှ်မီးယားဒေသ ကောင်းကင်ယံ၌ စီးချင်းထိုးတိုက်ခိုက်မှုများဖြစ်ပွားခဲ့ပြီး အဏုမြူလက်နက်ကိုယ်စီပိုင်ဆိုင်ထားသည့် ပြိုင်ဘက်နှစ်နိုင်ငံအကြား စစ်ရေးအရ တင်းမာမှုများဖြစ်ပွားခဲ့ပြီးနောက်တွင် အိန္ဒိယနိုင်ငံက ကမ္ဘာပတ်လမ်းကြောင်းအတွင်းရှိ ပျံသန်းနေသည့် ဂြိုဟ်တုအား ဒုံးကျည်ဖြင့်ပစ်ချမှုပြုလုပ်ခဲ့ခြင်းဖြစ်သည်။

**အေအက်ဖ်ပီ**

# ထိုင်းနိုင်ငံအတွင်း အာဏာရှင်စနစ်ကို ဆန့်ကျင်သည့် နိုင်ငံရေးပါတီများ ညွန့်ပေါင်းတစ်ရပ် ဖွဲ့စည်း

**ဗန်ကောက် မတ် ၂၇**

ထိုင်းနိုင်ငံအတွင်းရှိ အာဏာရှင်စနစ်အား ဆန့်ကျင်သော နိုင်ငံရေးပါတီများက ညွန့်ပေါင်းတစ်ရပ်ဖွဲ့စည်းခဲ့ကြောင်း ယနေ့ အေအက်ဖ်ပီသတင်းတစ်ရပ်အရ သိရသည်။

နိုင်ငံအတွင်း ၂၀၁၄ ခုနှစ် တပ်မတော်က အာဏာသိမ်းပိုက်ခဲ့ပြီး ပထမဆုံးအကြိမ် ရွေးကောက်ပွဲတစ်ရပ်ကျင်းပခဲ့ပြီးနောက် အာဏာရှင်စနစ်အား အဆုံးသတ်စေရန် ရည်ရွယ်သည့်အနေဖြင့် ညွန့်ပေါင်းအဖွဲ့ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

မတ် ၂၄ ရက်က ရွေးကောက်ပွဲကျင်းပခဲ့ပြီးနောက် ထိုင်းနိုင်ငံ၏ နိုင်ငံရေးအခြေအနေသည် လိပ်ခဲတည်းလည်း အနေအထားတွင် ရောက်ရှိနေခဲ့သည်။ ထို့ပြင် ရွေးကောက်ပွဲရလဒ်များကို ထုတ်ပြန်ကြေညာခြင်းမရှိသေးသော်လည်း ပြည်သူများ၏ထောက်ခံမှု အများဆုံးရရှိထားသော အဓိကပြိုင်ဘက်ပါတီနှစ်ခုက နိုင်ငံတော်၏ အခွင့်အာဏာကို ကာကွယ်စောင့်ရှောက်နိုင်ရန် အပြိုင်အဆိုင်ကြိုးပမ်းလျက်ရှိကြသည်။

ဖြူထိုင်းပါတီဦးဆောင်သော အာဏာရှင်စနစ်ကို ဆန့်ကျင်သည့် နိုင်ငံရေးပါတီခုနစ်ခုက အစိုးရတစ်ရပ်ဖွဲ့စည်းရန်အတွက် ပါလီမန်အမတ်နေရာများကို အပြည့်အဝရရှိရန်နှင့် တပ်မတော်တာဝန်ရှိသူများနှင့် ဖွဲ့စည်းထားသော ဖာလန်ပရာချာရတ်ပါတီအတွက် နေရာမရှိစေရန်ရည်ရွယ်ပြီး ပါတီအချင်းချင်း ပူးပေါင်းကြမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံအတွင်း အာဏာရှင်စနစ်ကို အဆုံးသတ်ရန် ကြိုးပမ်းမှုတစ်ရပ်အဖြစ် ပါတီများအနေဖြင့် ညွန့်ပေါင်းအဖွဲ့တစ်ရပ် ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း ဖြူထိုင်းပါတီခေါင်းဆောင် ဆူဒါရတ် ကီယုရာဖန်က မတ် ၂၇ ရက်တွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

အဆိုပါ အကျိုးတူပူးပေါင်းထားသည့် နိုင်ငံရေးပါတီများက အောက်လွှတ်တော်အမတ်နေရာ ၅၀၀ အနက် ၂၅၅ နေရာကိုရရှိရန် ကြိုးပမ်းမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ယင်းပါတီခုနစ်ခုတွင် ရွေးကောက်ပွဲ၌ လူငယ်များ၏ ထောက်ခံမှုအများဆုံးရရှိထားသော ရှေ့သို့လှမ်းချီအနာဂတ်ဆီသို့ပါတီလည်း ပါဝင်ကြောင်းသိရသည်။

ညွန့်ပေါင်းအဖွဲ့တစ်ရပ် ဖွဲ့စည်းလိုက်ခြင်းကြောင့် အစိုးရအဖွဲ့တစ်ရပ်ဖွဲ့စည်းရန် ပြည့်စုံလုံလောက်သွားပြီဖြစ်ကြောင်း ရှေ့သို့လှမ်းချီအနာဂတ်ဆီသို့ပါတီခေါင်းဆောင် သာနာသွန် ဂျူအန်ဂရောင်ရုအန်ကစ်က ပြောကြားခဲ့သည်။

ညွန့်ပေါင်းပါတီများအနေဖြင့် မည်သည့်အခက်အခဲကိုမဆို အတူတကွ ရင်ဆိုင်ကျော်လွှားကာ နိုင်ငံအတွင်း အာဏာရှင်စနစ်ပျက်သုဉ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပါတီခေါင်းဆောင် သာနာသွန်က ဆိုသည်။

**အေအက်ဖ်ပီ**





# ပြင်သစ်နိုင်ငံတွင် အဝါရောင် ရောင်ပြန်အင်္ကျီဝတ်များ ဆန္ဒပြမှုများကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုး ဒေါ်လာ ၂၂၅ သန်းရှိဟုဆို

**ပါရီ မတ် ၂၇**

ပြင်သစ်နိုင်ငံတွင် ဖြစ်ပွားခဲ့သည့် အဝါရောင် ရောင်ပြန်အင်္ကျီဝတ် ဆန္ဒပြမှုများနှင့် ဆက်စပ်ဆုံးရှုံးခဲ့ရသည့် တန်ဖိုးမှာ ယူရိုငွေသန်း ၂၀၀ (အမေရိကန်ဒေါ်လာ ၂၂၅ သန်း)ရှိကြောင်း ပြင်သစ်အာမခံကုမ္ပဏီများက ပြောကြားသည်။

ပြင်သစ်သမ္မတ အီမင်နျူရယ်မာခရွန်၏ အစိုးရအားဆန့်ကျင်သည့်ဆန္ဒပြမှုများကို အဝါရောင် ရောင်ပြန်အင်္ကျီဝတ်သူများက ယမန်နှစ် နိုဝင်ဘာလကတည်းက အပတ်စဉ် စနေနေ့တိုင်း ပြုလုပ်ခဲ့ကြသည်။

ယခုနှစ် မတ် ၁၆ ရက်အထိ အဝါရောင် ရောင်ပြန်အင်္ကျီဝတ် ဆန္ဒပြမှု ၁၈ ကြိမ်အထိ ပျက်စီးဆုံးရှုံးမှုတန်ဖိုးများကို ပြင်သစ်အာမခံလုပ်ငန်းအဖွဲ့ချုပ်က ခန့်မှန်းကြေညာခဲ့ခြင်းဖြစ်သည်။

ဆန္ဒပြမှုများကြောင့် ဈေးဆိုင်များအား အတင်းအကျပ်ပိတ်သိမ်းမှုများ ပြုလုပ်ခံရခြင်းအတွက် ဆုံးရှုံးမှုမှာ အမေရိကန်ဒေါ်လာ ၁၉၇ သန်းအထိ မြင့်တက်ခဲ့ပြီး အဆောက်အအုံများနှင့်မော်တော်ယာဉ်များ ပျက်စီးဆုံးရှုံးရမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၈ သန်းနီးပါးရှိကြောင်း ယင်းကြေညာချက်၌ ဖော်ပြသည်။

ယင်းဆန္ဒပြမှုများကြောင့် ပြင်သစ်နိုင်ငံ၏ခရီးသွားလုပ်ငန်းပေါ်၌ သက်ရောက်မှုရှိကြောင်း ပြင်သစ်အစိုးရက ပြောကြားခဲ့သည်။ ပြင်သစ်နိုင်ငံ မြို့တော်ပါရီတွင် ယမန်နှစ်ဒီဇင်ဘာလအတွင်းက ညအိပ်လည်ပတ်သည့် ကမ္ဘာလှည့်ခရီးသွားဦးရေသည် ၂၀၁၇ ခုနှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၅ ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း ပြင်သစ်အစိုးရက ပြောကြားသည်။

အကြမ်းဖက်လုပ်ရပ်များ ဖြစ်ပေါ်လာနိုင်ဖွယ်ရှိသည့် ဆန္ဒပြမှုများကို တားဆီးရန် ပြင်သစ်အစိုးရက စီစဉ်လျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**

# ငါးနှစ်အတွင်း လကမ္ဘာသို့ အာကာသယာဉ်မှူးများ ပို့ဆောင်ရန် အမေရိကန်ကြိုးပမ်း

**ဝါရှင်တန် မတ် ၂၇**

အမေရိကန်ဒုတိယသမ္မတ မိုက်ပန့်စ်က လာမည့်ငါးနှစ်အတွင်း လကမ္ဘာသို့ အမေရိကန်အာကာသယာဉ်မှူးများ ပို့ဆောင်ရန် အစီအစဉ်တစ်ရပ်ကို ထုတ်ဖော်ပြောကြားခဲ့ကြောင်း ယနေ့ အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

အလက်ဘားမားပြည်နယ် ဟန့်စ်ဗီလီမြို့တွင် ကျင်းပခဲ့သည့် အမေရိကန်အမျိုးသားအာကာသကောင်စီအစည်းအဝေး၌ ဒုတိယသမ္မတ မိုက်ပန့်စ်က အထက်ပါအတိုင်း ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံအနေဖြင့် ၁၉၆၀ ပြည့်နှစ်က ကြိုးပမ်းခဲ့သည့်အတိုင်း လာမည့်ငါးနှစ်တွင် လကမ္ဘာသို့ အာကာသယာဉ်မှူးများ ထပ်မံစေလွှတ်မည်ဖြစ်သည်ဟု မိန့်ခွန်းထဲတွင် ထည့်သွင်းပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံသည် ၂၀ ရာစုအတွင်းတွင် လကမ္ဘာသို့ ရောက်ရှိခဲ့သည့် ပထမဆုံးနိုင်ငံဖြစ်ခဲ့သည်။ ယခု ၂၁ ရာစုတွင်လည်း လကမ္ဘာသို့ အာကာသယာဉ်မှူးများ ပြန်လည်ပို့ဆောင်မည့် ပထမဆုံးနိုင်ငံဖြစ်လာမည်ဖြစ်သည်။

အမေရိကန်အာကာသယာဉ်မှူးများ လကမ္ဘာသို့သွားရောက်ကာ သုတေသနပြုနိုင်ရေးအတွက် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၏ ညွှန်ကြားချက်နှင့်အညီ အစိုးရအဖွဲ့က ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒုတိယသမ္မတ မိုက်ပန့်စ်က ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**



# စာရေးဆရာ၊ ကဗျာဆရာ ကိုငြိမ်း(မန္တလေး) ကွယ်လွန်

**မန္တလေး မတ် ၂၇**

စာရေးဆရာ၊ ကဗျာဆရာ ကိုငြိမ်း(မန္တလေး) သည် မတ် ၂၆ ရက် မွန်းလွဲ ၂ နာရီခွဲတွင် နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရသည်။

စာရေးဆရာ၊ ကဗျာဆရာ ကိုငြိမ်း (မန္တလေး)ကို အဖ ဦးဟံသာ၊ အမိဒေါ်ဘီ တို့က သက္ကရာဇ် ၁၃၀၆ ခုနှစ်တွင် မန္တလေးမြို့၌ မွေးဖွားခဲ့ပြီး အောင်ပင်လယ်ရပ်တွင် နေထိုင်ခဲ့ကာ ကွယ်လွန်ချိန်တွင် အသက် (၇၅)နှစ်ရှိပြီဖြစ်သည်။

၁၉၆၅ ခုနှစ် အောက်တိုဘာလထုတ် ငွေတာရီပုဂ္ဂလိကမဂ္ဂဇင်းတွင် ပစ္စည်းမဲ့တော်လှန်ရေးကဗျာဖြင့် စာပေနယ်သို့ စတင်ဝင်ရောက်ခဲ့သည်။ ၁၉၆၅ ခုနှစ်ဝန်းကျင်တွင် ရှုမဝရုပ်စုံမဂ္ဂဇင်း၊ ငွေတာရီမဂ္ဂဇင်း၊ လူထုသတင်းစာကဗျာကဏ္ဍ၊ လျှို့ဝှက်သည်းဖိုမဂ္ဂဇင်းနှင့် နောင်တွင် မိုးဝေမဂ္ဂဇင်းဖြစ်လာမည့် ဆရာမိုးဝေ၏စုံထောက်မဂ္ဂဇင်းတို့တွင် နယ်ချဲ့ဆန့်ကျင်ရေးကဗျာများ ရေးသားခဲ့သည်။

၁၉၆၆ ခုနှစ်တွင် အာရှ-အာဖရိက သွေးစည်းညီညွတ်ရေးကော်မတီ (ဗမာနိုင်ငံ)နှင့် ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ဂရက် (ဗမာနိုင်ငံ) တို့မှ ဖိတ်ခေါ်သောဗီယက်နမ်နှင့် သွေးစည်းညီညွတ်ရေး ဆန္ဒတင်ပြပွဲသို့ မောင်ငြိမ်းအေး (မန္တလေး)ကလောင်အမည်ဖြင့် နယ်ချဲ့ဆန့်ကျင်ရေးကဗျာများ ပေးပို့ခဲ့သည်။

၁၉၉၀ ပြည့်နှစ်တွင် နွေရောင်ကောင်းကင်ကဗျာပေါင်းချုပ်ကို ဆရာမောင်သင်းပန်နှင့်တွဲ၍ မန္တလေးထီးပေါင်းကားစာအုပ်တိုက်မှ ထုတ်ဝေခဲ့သည်။

၂၀၀၂ ခုနှစ်တွင် အိပ်မက်သုံးဆင့် ဝတ္ထုတိုပေါင်းချုပ်၊ ၂၀၀၅ ခုနှစ်တွင် စက်ဘီး မန္တလေးဝတ္ထုတိုပေါင်းချုပ်၊ ၂၀၀၇ ခုနှစ်တွင် မြင်းတယောဝတ္ထုတိုပေါင်းချုပ်၊ ၂၀၀၉ ခုနှစ်တွင် မခူးဖြစ်သော စပျစ်သီးလေးများ အက်ဆေးများ၊ ၂၀၁၄ ခုနှစ် ဇွန်လ ၈ ရက်တွင် အသက် (၇၀)ပြည့် မွေးနေ့အမှတ်တရ ဘုရားသခင်၏ဒုတိယအမည် အမေကဗျာ ၇၁ ပုဒ်၊ ၂၀၁၅ ခုနှစ်တွင် ကိုယ်တိုင်ရေးဖဲချပ်များ အတ္ထုပ္ပတ္တိကဗျာရှည်၊ ၂၀၁၈ ခုနှစ်တွင် အမေ့ခံမန္တလေးလုံးချင်းဝတ္ထုတို့ကို ထုတ်ဝေခဲ့သည်။

ကိုငြိမ်း(မန္တလေး)သည် အမည်ရင်းဦးလှကိုဖြစ်ပြီး ကွယ်လွန်ချိန်တွင် ဇနီးဒေါ်ရီရီစိုးနှင့် သားသမီးလေးယောက် ကျန်ရစ်ခဲ့ကြောင်း သိရသည်။ **ကြေးမုံ**

# မန္တလေး၌ တတိယအကြိမ်မြောက် တိုင်းရင်းဆေးဆရာ မှတ်ပုံတင်လက်မှတ်ပေးအပ်ပွဲ ကျင်းပ

**မန္တလေး မတ် ၂၇**

တတိယအကြိမ်မြောက် တိုင်းရင်းဆေးဆရာ မှတ်ပုံတင်လက်မှတ်(တဆ) ပေးအပ်ပွဲ အခမ်းအနားကို မတ် ၂၃ ရက်က မန္တလေးမြို့ အောင်မြေသာစံမြို့နယ် တိုင်းရင်းဆေးတက္ကသိုလ်၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် တိုင်းရင်းဆေးကောင်စီဥက္ကဋ္ဌ တိုင်းရင်းဆေးပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါက်တာမိုးဆွေနှင့် တိုင်းရင်းဆေးကောင်စီဝင်များက မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့(B.M.T.M) ရရှိသူ ၅၁ ဦးအား တိုင်းရင်းဆေးဆရာမှတ်ပုံတင်လက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုမင်း**

# ကျန်းမာရေးဆွေးနွေးဟောပြောပွဲ ကျင်းပ

**ရန်ကုန် မတ် ၂၇**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ (Sukumvit) ဆူကွန်ဗစ်ဆေးရုံကြီးမှ နှလုံးရောဂါအထူးကုဆရာဝန်ကြီးများဖြစ်သော Dr.Nivit kalra နှင့် Dr.Apichai pokawattana တို့က နှလုံးရောဂါအတွက် ခေတ်မီကုသနည်းနှင့် နှလုံးခုန်မမှန်ခြင်း ကုသနည်းတို့ကို ရန်ကုန်မြို့ ပြည်လမ်းရှိ နိုဗိုတယ်ဟိုတယ်၌ မတ်လ တတိယပတ်က ဆွေးနွေးဟောပြောခဲ့သည်။

ထိုဆွေးနွေးပွဲသို့ မြန်မာနိုင်ငံဆေးကောင်စီမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်း (ဗဟို)မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အထူးကုဆရာဝန်ကြီးများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ နိုင်ငံကျော်အနုပညာရှင်များ၊ ဆေးပညာကို စိတ်ဝင်စားသော မိဘပြည်သူများ၊ စာပေစာနယ်ဇင်းအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ခင်မောင်ဝင်း(ကြေးမုံ)**



ရန်ကုန်မြို့ ဒဂုံတက္ကသိုလ် ကျောင်းသား ကျောင်းသူများ၏ ချယ်ရီသကြၤန်ပွဲတော်ကို မတ် ၂၆ ရက်က ဒဂုံတက္ကသိုလ် ကျောင်းဝင်းအတွင်း စတုဒိသာကျွေးမွေးဧည့်ခံခြင်းများဖြင့် စည်ကားသိုက်မြိုက်စွာ ဆင်နွှဲကြစဉ်။ မျိုးမင်းသိန်း(မရမ်းကုန်း)

»»» ကျောဖုံးမှ

"နောက် ထပ်ပြီးဝင်လာနိုင်တာက အိတ်ချုပ်တဲ့လုပ်ငန်းတွေ၊ ခရီးဆောင်အိတ်အမျိုးမျိုးချုပ်တဲ့ လုပ်ငန်းတွေ၊ ဘာကြောင့်လဲဆိုတော့ အိတ်ချုပ်တဲ့လုပ်ငန်းတွေက အမေရိကမှာ GSP ရတယ်၊ အဲဒါကြောင့် ဒီလုပ်ငန်းတွေ ထပ်ဝင်လာဖို့ရှိတယ်" ဟု ၎င်းက ပြောသည်။

ထို့ပြင် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန်အတွက် ဝင်ရောက်လာသည့် နိုင်ငံများစာရင်းတွင်လည်း စင်ကာပူနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုအများဆုံး နံပါတ်တစ်နေရာတွင်ရှိပြီး တရုတ်နိုင်ငံမှာ ဒုတိယအများဆုံးဖြစ်သည်။ ထိုင်းနိုင်ငံမှာလည်း ရင်းနှီးမြှုပ်နှံမှု တတိယအများဆုံးဖြစ်ပြီး ဟောင်ကောင်မှာ စတုတ္ထနေရာတွင် ရပ်တည်နေသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ရင်းနှီးမြှုပ်နှံမှုဖိုရမ်များကို ပြုလုပ်လျက်ရှိပြီး လက်ရှိ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ငါးလကျော်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၉၄၃ သန်းကျော်ရရှိထားပြီး ပြီးခဲ့သည့်နှစ်ကာလတူထက် အမေရိကန်ဒေါ်လာသန်း ၆၀၀ ကျော် ပိုမိုရရှိထားကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ထံမှ သိရသည်။

ထို့ပြင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ မတ် ၁၅ ရက်အထိ ခွင့်ပြုခဲ့သည့် ပရောဂျက်များမှာလည်း သီလဝါအထူးစီးပွားရေးဇုန်အပါအဝင် ပရောဂျက် ၁၂၉ ခုရှိပြီး ပြီးခဲ့သည့်နှစ် ကာလတူတွင် ပရောဂျက် ၈၀ သာ ရရှိထားသောကြောင့် ယခုဘဏ္ဍာနှစ်တွင် ပရောဂျက် ၄၉ ခု တိုးလာကြောင်း ၎င်းကဆက်လက်ပြောသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ယခု ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၅ ဒသမ ၈ ဘီလီယံဝင်ရောက်ရန် မျှော်မှန်းထားသည်။

**ငြိမ်းငြိမ်း**

❐ မြန်မာယူ-၁၅ မှ

ကာဂျစ္စတန်၊ တာဂျစ်ကစ္စတန်အသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်ပြီး ပတ်လည်စနစ်ဖြင့် ကစားရမည်ဖြစ်သည်။ ပွဲစဉ်ရေးဆွဲထားမှုအရ မြန်မာအသင်းသည် ဧပြီ ၆ ရက်တွင် တရုတ်အသင်း၊ ဧပြီ ၈ ရက်တွင် တာဂျစ်ကစ္စတန်အသင်း၊ ဧပြီ ၁၀ ရက်တွင် ကာဂျစ္စတန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် ဧပြီလနောက်ဆုံးပတ်တွင် ဟောင်ကောင်ဖိတ်ခေါ်ပြိုင်ပွဲ ထပ်မံယှဉ်ပြိုင်ရမည်ဖြစ်သည်။ **သတင်း-ရှိုင်းထက်ဇော်**

**ဓာတ်ပုံ-စိုးညွန့်**

❍ အာရှယူ-၂၃ မှ

အာရှဘော်လီဘောအဖွဲ့ချုပ်သည် ယှဉ်ပြိုင်ပွဲကို နှစ်နှစ်လျှင်တစ်ကြိမ် ကျင်းပခြင်းဖြစ်ပြီး ၂၀၁၅ ခုနှစ်တွင် စတင်ကျင်းပခဲ့ကာ မြန်မာနိုင်ငံအနေဖြင့် ဒုတိယအကြိမ် လက်ခံကျင်းပခွင့်ရခြင်းဖြစ်၍ ၂၀၁၅ ခုနှစ်တွင် ပထမအကြိမ် လက်ခံကျင်းပခဲ့သည်။ ယှဉ်ပြိုင်ပွဲတွင် နှစ်ကြိမ်ဆက်တိုက် ဗိုလ်စွဲထားသည့် အီရန်အသင်းသည် ယခုနှစ် ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်း မရှိဘဲ နုတ်ထွက်သွားကြောင်း သိရသည်။

**သတင်း-ရှိုင်းထက်ဇော်**

**ဓာတ်ပုံ-ကိုကိုစိုးညွန့်**



## လှိုင်းဘွဲ့၌ သစ်ခွဲစက် ၁၅ လုံး၊ တရားမဝင် သစ်မျိုးစုံ ၁၇၁၇ လုံးနှင့် သစ်ခွဲသားမျိုးစုံ ၄၆ တန်ခန့် သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၂၇**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ရွှေဂွန်းကျေးရွာအုပ်စု အတွင်း၌ မတ် ၂၅ ရက်က တရားမဝင်သစ်စက်များဖြင့် သစ်များခွဲစိတ်ခြင်း၊ ၎င်းသစ်များအား သံလွင်မြစ်ကားလမ်း အတိုင်း ဖောင်၊ စက်လှေ၊ မော်တော်ယာဉ်များဖြင့် အခြားနိုင်ငံသို့ ပို့ဆောင်ရောင်းချနေကြောင်း သတင်းအရ ပြည်နယ်ရဲအကူတပ်ဖွဲ့ခွဲမှ ဒုတိယရဲမှူးကြီးသန်းဝင်း ဦးစီးသည့် တပ်ဖွဲ့ဝင်များ၊ ဘားအံခရိုင်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ နယ်မြေခံတပ်မှ တပ်မတော်သားများ ပါဝင်သော ပူးပေါင်းအဖွဲ့က သက်သေများနှင့်အတူ အဖွဲ့ ငါးဖွဲ့ခွဲ၍ ရွှေဂွန်းကျေးရွာအုပ်စုအတွင်း ဝင်ရောက်ရှာဖွေဖမ်းဆီးခဲ့သည်။

ထိုသို့ဖမ်းဆီးရာ စံပြအေးရပ်ကွက်နေ ဦးသန်းထိုက်ဦး ပိုင်ဆိုင်သည့် ခြံဝင်းနှင့် ကူးတို့ဆိပ်သစ်စက်တို့မှ တရားမဝင်သစ်မျိုးစုံ ၃၃၇ လုံး၊ သစ်ခွဲသားမျိုးစုံ ခြောက်တန်၊ သစ်ခွဲစက်နှစ်လုံး၊ ကျောင်းလမ်းထိပ်၌ ဟန်မင်းအောင် ပိုင်ဆိုင်သည့် သစ်စက်မှ တရားမဝင် အခြားသစ် အလုံး ၈၀၊ သစ်ခွဲသားမျိုးစုံ သုံးတန်၊ သစ်ခွဲစက်နှစ်လုံးနှင့် တရားမဝင် အခြားသစ် ခုနစ်လုံးတို့ကိုလည်းကောင်း၊ အောက်တောရပ်ကွက် ဝါးခုတ်တောကျေးရွာနေ ဦးအေးမောင် (စိစစ်ဆဲ) ပိုင်ဆိုင်သည့် ခြံဝင်းအတွင်းမှ အခြားသစ် ၁၄၅ လုံး၊ တကူဆိပ်ကျေးရွာနေ ဦးအောင်ကျော်မိုး ပိုင်ဆိုင်သည့်သစ်စက်မှ တရားမဝင် အခြားသစ်လုံး ၂၀၀၊ သစ်ခွဲသားမျိုးစုံ ငါးတန်၊ သစ်ခွဲစက် နှစ်လုံးနှင့် ကမ်းနီကျေးရွာနေ ကျော်ဒိုပိုင်ဆိုင်သည့် သစ်စက်မှ တရားမဝင် အခြားသစ်လုံး ၂၀၀၊ သစ်ခွဲသားမျိုးစုံ နှစ်တန်၊ သစ်ခွဲစက်တစ်လုံးတို့ကို လည်းကောင်း၊ အောက်တောရပ်ကွက်နေ စိုးဇော်ထူးပိုင်ဆိုင်သည့် သစ်စက်မှ တရားမဝင်သစ်မျိုးစုံ ၁၉၅ လုံး၊ သစ်ခွဲသားမျိုးစုံ ခုနစ်တန်၊ သစ်ခွဲစက်နှစ်လုံးနှင့် စံပြကျေးရွာနေ ဦးမယ်တမူး(ခ) ဦးဌေးဝင်းပိုင်ဆိုင်သည့် သစ်စက်မှ တရားမဝင် အခြားသစ် ၁၂၄ လုံး၊ သစ်ခွဲသားမျိုးစုံ သုံးတန်၊ သစ်ခွဲစက်လေးလုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။



အလားတူ အဆိုပါပူးပေါင်းအဖွဲ့က မတ် ၂၆ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ဝါးခုတ်တောကျေးရွာနေ ဦးအေးမောင်(စိစစ်ဆဲ)၏ သစ်စက်မှ တရားမဝင် အခြားသစ် ၄၂၉ လုံး၊ သစ်ခွဲသားမျိုးစုံ တန် ၂၀၊ သစ်ခွဲစက် နှစ်လုံးတို့အား ထပ်မံသိမ်းဆည်းရမိခဲ့၍ ၎င်းတို့ ခုနစ်ဦးအား သစ်တောဥပဒေနှင့်အညီ အရေးယူသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ရဲပြန်ကြား**

## မိုးညှင်းမြို့ရှောင်လမ်းတွင် ၂၂ ဘီး ဆီသယ်ဘောက်ဆာယာဉ် အရှိန်လွန်တိမ်းမှောက်

**မိုးညှင်း မတ် ၂၇**

ကချင်ပြည်နယ် မိုးညှင်းမြို့ အရှေ့စုရပ် မြို့ရှောင်လမ်း ပညာဗိမာန်ဘုန်းတော်ကြီးကျောင်းတိုက်ရှေ့ ဆင်ခေါင်းညောင်ပင်ကွေ့အနီးတွင် ၂၂ ဘီး ဆီသယ်ဘောက်ဆာယာဉ် တစ်စီး တိမ်းမှောက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၂၇ ရက် နံနက် ၆ နာရီ ၁၀ မိနစ်တွင် သူရအောင် အလုံရပ်ကွက် မုံရွာမြို့နေသူ မောင်းနှင်ပြီး ကောင်းမြတ်စိုးအိုးဘိုတောင်မြို့သစ် မုံရွာမြို့နေသူ လိုက်ပါလာသော ၂၂ ဘီး ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။



အဆိုပါယာဉ်သည် ဒီဇယ် ဂါလန် ၉၆၀၀ ကို တင်ဆောင်လာပြီး အရှိန်လွန်တိမ်းမှောက်ခဲ့သဖြင့် မီးလောင်မှုမဖြစ်ပွားစေရေးနှင့် ယာဉ်ကြောပိတ်ဆို့မှု မဖြစ်စေရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲအောင်နှင့်အဖွဲ့၊ အမှတ်(၁၀၁) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ရဲအုပ်နေထွန်းအောင်နှင့်အဖွဲ့၊ ဒေသအရန်မီးသတ်တပ်ဖွဲ့ဒုတပ်ရင်းမှူး ဦးအောင်ဆန်းဦးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဝိုင်းဝန်းဆောင်ရွက်ပေးခဲ့ကြောင်း၊ ယာဉ်တိမ်းမှောက်မှုကြောင့် လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ အလုံရပ်ကွက် မုံရွာမြို့နေသူအား မိုးညှင်းမြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**နီတိုး**

### ပြင်ဆင်ဖတ်ရှုပါရန်

မတ် ၂၆ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၄ တွင် ဖော်ပြခဲ့သော မိုးကောင်းနှင့်ထိုပူးဘူတာကြား ကုန်ရထားတွဲချော်သတင်း၏ ဒုတိယစာပိုဒ်တွင် စက်ခေါင်းမောင်း ဦးထွန်းထွန်းနိုင်ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **စာတည်း**

## ပုံပါကျင်မြို့၌ တောကောင်နှင့်မှားယွင်းပစ်မိသဖြင့် အမျိုးသားတစ်ဦး သေဆုံး

**ပုံပါကျင် မတ် ၂၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် ပုံပါကျင်မြို့၌ တောကောင်နှင့်မှားယွင်းပြီး တူမီးသေနတ်ဖြင့် ပစ်မိသဖြင့် အမျိုးသား တစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နမ့်ယွန်း(လားဟူ)ကျေးရွာ အရှေ့ဘက် လေးမိုင်ခန့်အကွာ တောင်ယာတဲတွင် နေထိုင်သူ အိုက်ဆွေသည် မတ် ၂၅ ရက် ည ၉ နာရီက နမ့်ယွန်း(လားဟူ)ရွာသို့ ဆန်သွားဝယ်ပြီးအပြန် တောင်ယာသွားလမ်းဘေးတွင် ခေတ္တနားနေခိုက် သေနတ်ကျည်ထိမှန်ပြီး နေရာတွင် လဲကျသွားခဲ့သည်။

နမ့်ယွန်း(လားဟူ) ကျေးရွာနေ မောင်မြင့်က တူမီးသေနတ်ဖြင့် တောကောင်ဟုထင်ပြီး မှားယွင်းပစ်မိခဲ့ခြင်းဖြစ်ကြောင်း၊ ဒဏ်ရာရထားသည့် အိုက်ဆွေအား မိုင်းတုံမြို့ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသစဉ် မတ် ၂၆ ရက် နံနက် ၇ နာရီခွဲတွင် သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ မောင်မြင့်အား ပုံပါကျင်မြို့နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **သန်းဇော်(မိုင်းဆတ်)**

## ထန်းပင်ချောင်းကျေးရွာ ငါးရံ့ခြောက်တောတိုက်၌ မီးလောင်မှုဖြစ်ပွား

**ပေါက် မတ် ၂၇**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် မျှားပိုင်းကျေးရွာအုပ်စု ထန်းပင်ချောင်းကျေးရွာ ငါးရံ့ခြောက်တောတိုက်၌ မတ် ၂၆ ရက် နံနက် ၂ နာရီခန့်က မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ငါးရံ့ခြောက်တောတိုက်နေ ဦးသန်းလွင်၏နေအိမ်၌ သမက်ဖြစ်သူ ဦးဝေလင်းသည် မူးယစ်သောက်စားပြီး အဝတ်စအား မီးခြစ်ဖြင့် မီးရှို့ရာမှ မီးစတင်လောင်ကျွမ်းခဲ့ရာ စုစုပေါင်း နေအိမ်သုံးလုံး မီးကူးစက်လောင်ကျွမ်းခဲ့ခြင်း ဖြစ်သည်။

အဆိုပါမီးလောင်ရာသို့ ငါးရံ့ခြောက်တောတိုက်ရှိ ဒေသခံပြည်သူများက အနီးအနားရှိရေများဖြင့် ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ရာ နံနက် ၃ နာရီတွင် မီးလုံးဝငြိမ်းသွားခဲ့သည်။

ယင်းဖြစ်စဉ်ကြောင့် ဦးဝေလင်း (၃၅) နှစ်အား ပေါက်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။



**ဉာဏ်တိုး (ပေါက်)**

## တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၂၇**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၉ ခုနှစ် မတ် ၂၆ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန်အစီး ၈၉၀၊ သွင်းကုန် ၃၇၂ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ကိုးစီး၊ သွင်းကုန် ၁၇၄ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၂၆ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုရှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၈ ဒသမ ၈၀၅ သန်း) တန်ဖိုးရှိ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် အဝတ်အထည်များနှင့် အထွေထွေကုန်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကော့ကရိတ်မြို့၌ မိုးကြိုးပစ်ခံရ၍ သုံးဦးသေဆုံး

**ကော့ကရိတ် မတ် ၂၇**

ကရင်ပြည်နယ် ကော့ကရိတ်မြို့၌ မတ် ၂၆ ရက် ညနေ ၆ နာရီ ၁၅ မိနစ်တွင် အချိန်အခါမဟုတ် မိုးရွာသွန်းခဲ့ပြီး မိုးကြိုးများပစ်ခတ်ခဲ့သဖြင့် ကော့ကရိတ်မြို့ အမှတ် ၆ ရပ်ကွက် မွေးမြူရေးဇုန် ၂ ၌ မော်တော်ယာဉ်ပေါ်သို့ ဖရဲသီးများ တင်ဆောင်နေသော ဦးအောင်ဝင်း ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် ဘုရားပျံရွာ၊ ဝတုတ် (၁၆) နှစ် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ကျွန်းကလေးရွာနှင့် ကိုသက် ကဝမြို့နယ် အောင်သာရွာနေသူတို့သည် မိုးကြိုးပစ်ခံရ၍ အခင်းဖြစ်နေရာ၌ သေဆုံးသွားကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## သာပေါင်း-မကျီးဇင် တောင်ပေါ်ကားလမ်းတွင် ခရီးသည်တင်ယာဉ် တိမ်းမှောက်

**သာပေါင်း မတ် ၂၇**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် သာပေါင်း-မကျီးဇင် တောင်ပေါ်ကားလမ်း မိုင်တိုင် ၂၉/၀ နှင့် ၁ အကြား ကျားခေါင်းကျေးရွာအနီးတွင် မတ် ၂၆ ရက် နံနက် ၁၁ နာရီခွဲက ခရီးသည်များ တင်ဆောင်လာသည့် ယာဉ်တစ်စီး တိမ်းမှောက်မှု ဖြစ်ပွားခဲ့ရာ အမျိုးသား ငါးဦး၊ အမျိုးသမီး ခုနစ်ဦး ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ သာပေါင်း-မကျီးဇင်တောင်ပေါ်ကားလမ်းအတိုင်း ခရီးသည်များတင်ဆောင်၍ တင်အောင်ဝင်း (ခ)အိုးစည် မကျီးချောင်းလမ်းချောင်းသာမြို့နေသူ မောင်းနှင်လာသည့် ခရီးသည်တင်ယာဉ်သည် အခင်းဖြစ်သည့်နေရာအရောက် တောင်ကုန်းအတက်တွင် နောက်ပြန်လျှောကျကာ ကားလမ်းဘေးသို့ ထိုးကျတိမ်းမှောက်သွားခဲ့သည်။

ယာဉ်ပေါ်တွင်လိုက်ပါလာသည့် ခရီးသည်များ အနက် အမျိုးသား အမျိုးသမီး ၁၂ဦး ဒဏ်ရာများရရှိခဲ့ပြီး ဦးထွန်းထွန်း (၅၃) နှစ် ရွှေဝါထွန်းလမ်း ပုသိမ်မြို့၊ ဦးစန်းမြင့် (၄၀) နှစ် လေ့လော့်ရွာ သာပေါင်းမြို့နှင့် မဆုမြတ်သံစဉ် (၁၁) နှစ် မကျီးဇင်ကျေးရွာ ရွှေသောင်ယံမြို့နေသူတို့မှာ (စိုးရိမ်ရ) ဒဏ်ရာများရရှိသဖြင့် ယာဉ်မောင်းအား သာပေါင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ယာဉ်တိုက်မှုလျော့နည်းစေရေး အသိပညာပေး

**ရေနံချောင်း မတ် ၂၇**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့၌ မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ယာဉ်တိုက်မှုလျော့နည်းစေရေး အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် ပညာပေးစတစ်ကာများ ကပ်ပေးခြင်းတို့ကို မတ် ၂၇ ရက် နံနက် ၉ နာရီက ကမ္ဘောဇဘဏ်အနီးလမ်းဆုံ၌ ဆောင်ရွက်ခဲ့သည်။

ရေနံချောင်းမြို့မရဲစခန်းမှူး ဒုရဲမှူးအောင်လွင်ဦးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့တို့ ပူးပေါင်း၍ မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ယာဉ်မောင်းများ အရက်သေစာသောက်စားမောင်းနှင်ခြင်းနှင့် အရှိန်ပြင်းမောင်းနှင်ခြင်း မပြုရန်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ မောင်းနှင်ရန်၊ ဆိုင်ကယ်အိတ်ဇောဖြုတ်မောင်းနှင်ခြင်းနှင့် ဆူညံသံများထွက်ပေါ်အောင် ဆိုင်ကယ်၌ ပစ္စည်းများတပ်ဆင်မောင်းနှင်ခြင်းတို့ မပြုလုပ်ကြရန် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးစတစ်ကာများကပ်ပေးခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုစိုးကြီး (ပြန်/ဆက်)**

## မဟာသင်္ကြန်အကြို အမေများအဖွဲ့ မန္တလေးမြို့သို့ လာရောက်ဖျော်ဖြေ

**မန္တလေး မတ် ၂၇**

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အမေများအဖွဲ့သည် မတ် ၂၆ ရက်နှင့် ၂၇ ရက်တို့က မန္တလေးမြို့သို့ လာရောက်၍ဖျော်ဖြေလျက်ရှိသည်။

အမေများအဖွဲ့သည် မတ် ၂၆ ရက် မွန်းလွဲ ၁ နာရီက ချမ်းအေးသာစံမြို့နယ် မန္တလေးရတနာမောလ် ကျောက်မျက်ရတနာဈေးတွင်လည်းကောင်း၊ မတ် ၂၇ ရက် နံနက် ၁၀ နာရီတွင် မန္တလေးမြို့တော်ခန်းမတွင်ကျင်းပသည့် ကမ္ဘာ့ကျောက်ကပ်ရောဂါကာကွယ်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ဖြဟ္မစိုရ်လူမှုကူညီရေးအသင်း ကျန်းမာရေးပညာပေးဟောပြောပွဲတွင်လည်းကောင်း၊ နံနက် ၁၁ နာရီတွင် ချမ်းအေးသာစံမြို့နယ် ၃၃ လမ်းနှင့် ၇၈ လမ်းထောင့် ရတနာပုံ စူပါစင်တာ ပရိုမိုးရှင်းဧရိယာတွင် ရတနာပုံဈေးသူ ဈေးသားများအား သင်္ကြန်သီချင်းအကအလှများဖြင့် ဖျော်ဖြေခဲ့ကြောင်း သိရသည်။



**မောင်ပြည်သူ(မန္တလေး)**

## ကလေးမြို့ရိုးရာသင်္ကြန်ပွဲတော်တွင် သင်္ကြန်ထီးများအလှဆင်၍ လမ်းလျှောက်ပွဲတော်ဆင်နွှဲမည်



၂၀၁၈ ခုနှစ် ကလေးမြို့ လမ်းလျှောက်သင်္ကြန်ရေသဘင်ပွဲတော်ကျင်းပနေမှုကို တွေ့ရစဉ်။

**ကလေး မတ် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် ယခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံများနှင့်အညီ ပုသိမ်ထီးနှင့် သင်္ကြန်ထီးများဖြင့် အလှဆင်၍ လမ်းလျှောက်ရေသဘင်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ဆင်နွှဲမည်ဖြစ်ကြောင်း သိရသည်။

သင်္ကြန်ချစ်သူပြည်သူများ ပျော်ရွှင်နိုင်စေရန် ယခုနှစ် လမ်းလျှောက်သင်္ကြန်ရေသဘင်ပွဲတော်ကို ယခင်နှစ်နည်းတူ ဒုတိယအကြိမ်မြောက်အဖြစ် ဗိုလ်ချုပ်လမ်းတွင် ပြုလုပ်သွားမည်ဖြစ်ပြီး ရေသဘင်မဏ္ဍပ်များ၌ ယိမ်းအကအဖွဲ့များ၏ တင်ဆက်ကပြမှုများ၊ ဒေသခံတီးဝိုင်းအဖွဲ့နှင့် လူငယ်တေးသံရှင်များ၏ ခေတ်ပေါ်တေး၊ သင်္ကြန်တေးသီချင်းများဖြင့် နေ့စဉ်ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်ကြောင်း ကလေးမြို့ မဟာသင်္ကြန်ဖြစ်မြောက်ရေးကော်မတီထံမှ သိရသည်။

ခရိုင်စီမံခန့်ခွဲမှုကော်မတီ ရေသဘင်မဏ္ဍပ်ကို စည်ပင်သာယာရေးရုံးရှေ့၌ ပြုလုပ်ရန်လျာထားပြီး ကလေးမြို့ ဗိုလ်ချုပ်လမ်းမပေါ်ရှိ လမ်းဆုံမီးပွိုင့်မှ စည်ပင်သာယာရေးရုံးအနီး ရိုးမဘဏ်ရှေ့ လမ်းအရှည်ပေပေါင်း ၁၅၀၀ အထိ လူတန်းစားအလွှာစုံ လမ်းလျှောက်၍ ရေကစားနိုင်ရန် တစ်မူထူးခြားစွာ ပုသိမ်ထီးများနှင့် သင်္ကြန်ထီးများ ချိတ်ဆွဲအလှဆင်ကာ လမ်းလျှောက်သင်္ကြန်ရေသဘင်ပွဲကို ကျင်းပမည်ဖြစ်သည့်အပြင် ဌာနဆိုင်ရာများ၊ စေတနာရှင်ပြည်သူများက စတုဒိသာကျွေးမွေးခြင်းများ ပြုလုပ်သွားမည်ဖြစ်သည်။

"ကလေးမြို့မှာကျင်းပတဲ့ လမ်းလျှောက်သင်္ကြန်ပွဲတော်က နာမည်ကြီးနေတဲ့အတွက် စိတ်ဝင်စားစရာကောင်းပါတယ်။ ပုသိမ်ထီး၊ သင်္ကြန်ထီးတွေနဲ့ အလှဆင်ထားတဲ့ အရိပ်အောက်မှာ အန္တရာယ်ကင်းကင်းနဲ့ ပျော်ရွှင်စွာ လမ်းလျှောက်ပြီး လည်ပတ်နေတာတွေ့ခဲ့ရတဲ့အတွက် စိတ်ထဲမှာ ကြည်နူးမိတယ်။ လည်ပတ်ပြီး အစားအသောက်တွေကို လှူဒါန်းကျွေးမွေးနေတဲ့ စတုဒိသာမဏ္ဍပ်တွေကလည်း အဆင်သင့်ရှိနေတဲ့အတွက် သင်္ကြန်လည်ရတာ အလွန်ပျော်ဖို့ကောင်းပါတယ်" ဟု ယခင်နှစ် ကလေးမြို့ လမ်းလျှောက်သင်္ကြန်ပွဲတော်ကို လည်ပတ်သူတစ်ဦးက ပြောသည်။ **ချင်းတွင်းသား**

## မော်တော်ယာဉ်လေလံပွဲများအား လစဉ် တတိယပတ်တိုင်းတွင် ခင်းကျင်းပြသမည်

**ရန်ကုန် မတ် ၂၇**

ရန်ကုန်မြို့ရှိ မော်တော်ယာဉ်ဈေးကွက်များ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် မော်တော်ယာဉ်လေလံပွဲများအား လစဉ်တတိယပတ်တိုင်း ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း ပုဂ္ဂလိကလေလံဝန်ဆောင်မှုကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးမောင်မောင်သွင်ကပြောသည်။

မြန်မာနိုင်ငံ၏ ပထမဦးဆုံး ပုဂ္ဂလိကလေလံဝန်ဆောင်မှုကုမ္ပဏီအနေဖြင့် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်၊ စက်ယန္တရား၊ အိမ်ခြံမြေ တိုက်ခန်းများအပါအဝင် ရှေးဟောင်းပစ္စည်းနှင့် ပန်းချီကားချပ်များကို လေလံပွဲများ ပြုလုပ်သွားမည်ဖြစ်ပြီး နိုင်ငံတကာကဲ့သို့သော ရောင်းသူနှင့်ဝယ်သူကြား စနစ်တကျဖြင့် ဈေးနှုန်းနှင့် ပစ္စည်းမှန်ကန်မှုရရှိစေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်ပနိုင်ငံများဖြစ်သော ဂျပန်၊ ကိုရီးယား၊ အမေရိကန်နှင့် အင်္ဂလန်နိုင်ငံတို့အနေဖြင့်လည်း ၎င်းတို့၏ တစ်ပတ်ရစ်ကားများကို လာရောက်၍ လေလံရောင်းချခွင့် ရရှိကြမည်ဖြစ်ပြီး ယာဉ်အမျိုးအစားများအား ကန့်သတ်ထားခြင်းမရှိသောကြောင့် ပြည်တွင်းမှဝယ်ယူကြသော ပြည်သူများအနေဖြင့် မည်သည့်ယာဉ်ကိုမဆို လေ့လာနိုင်ကြမည်ဖြစ်ကြောင်းနှင့် လေလံပွဲလာပြည်သူများအနေဖြင့် လေလံအောင်သော မော်တော်ယာဉ်များကို အရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်ကြမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

ပြည်သူများ၏ ရောင်းချဝယ်ယူလိုကြသော မည်သည့်ပစ္စည်းများကိုမဆို နည်းစနစ်မှန်ကန်စွာဖြင့် ပွင့်လင်းမြင်သာသောဈေးကွက် ဖြစ်လာစေရန် ဆောင်ရွက်လျက်ရှိပြီး ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်လာသော လေလံဈေးကွက် စနစ်တကျ ဖြစ်ထွန်းအောင်မြင်စေရေးအပါအဝင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သော လေလံစနစ်ကြီးများအား မြန်မာနိုင်ငံတွင် နည်းစနစ်မှန်မှန်ဖြင့် ဖြစ်ထွန်းအောင်မြင်လာစေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းအပြင် ပြည်တွင်းရှိ ပြည်သူများ လေ့လာနိုင်ကြစေရန်အတွက် လက်ရှိတွင် မော်တော်ယာဉ်လေလံပွဲကို သဃ်္ဃန်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏ၌ မတ် ၂၄ ရက်မှစတင်၍ ခင်းကျင်းပြသလျက်ရှိကြောင်း သိရသည်။

**ပွင့်သစ္စာ**



ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် အင်းပက်လက်ကျေးရွာ၌ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လူထုဗဟိုပြုစီမံကိန်းခွင့်ပြုရန်ပုံငွေကျပ် ၃၀၉၈၀၀၀၀ ဖြင့် ကျောင်းဆောင်သစ်၊ နှစ်ခန်းတွဲအိမ်သာ၊ ကျောင်းအဝင်ကွန်ကရစ်လမ်းတို့အား ပြန်လည်တည်ဆောက်ပေးခဲ့ရာ မတ် ၂၇ ရက် နံနက်ပိုင်းတွင် ဖွင့်ပွဲကျင်းပခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## ဖျာပုံမြို့၌ လမ်းလျှောက်သင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**ဖျာပုံ မတ် ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့၌ကျင်းပမည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်ပွဲတော်တွင် လမ်းလျှောက်သင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

"ကျွန်တော်တို့မြို့မှာ မနှစ်ကစပြီး လမ်းလျှောက်သင်္ကြန် ထည့်သွင်းကျင်းပခဲ့ပါတယ်။ အဓိက သင်္ကြန်ပွဲတော်ဆိုတာ လူထုလူတန်းစားအလွှာစုံ အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲနိုင်ကြဖို့ ရည်ရွယ်ပါတယ်။ မနှစ်က စည်သင့်သလောက်စည်ခဲ့တယ်။ ဒီနှစ် အဲ့ဒီအတွေ့အကြုံတွေနဲ့ ပိုပြီးစည်ကားအောင် ပူးပေါင်းဆောင်ရွက်ကြဖို့ တိုက်တွန်းချင်ပါတယ်" ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းထွင်က ပြောသည်။

ဖျာပုံမြို့၌ မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဖျာပုံမြို့ ဒုတိယလမ်းရှိ သီရိအဏ္ဏဝါမြို့နယ်ခန်းမရှေ့ဗဟိုမဏ္ဍပ်၌ ဧပြီ ၁၃ ရက် ညနေ ၄ နာရီမှာ စတင်၍ ဖွင့်ပွဲအခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး သင်္ကြန်ရက်များတွင် ဖျာပုံမြို့ ဒုတိယလမ်းမပေါ် (မာလာမြိုင်လမ်းနှင့် သီရိမြိုင်လမ်းကြား) ဗဟိုမဏ္ဍပ်နှင့် Dr.G မဏ္ဍပ် ရှိရာနေရာများသို့ ယာဉ်အသွားအလာပိတ်ထားကာ လူတန်းစားအလွှာစုံ လမ်းလျှောက်၍ ရေကစားနိုင်ရန် စီစဉ်ထားရှိမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင်သင်္ကြန်အကြို၊ အကျ၊ အကြတ်၊ အတက်နေ့ပိုင်းတွင် ဗဟိုမဏ္ဍပ်၌ တီးဝိုင်းဖြင့် တေးသီချင်းများ သီဆိုဖျော်ဖြေခြင်း၊ ညစဉ် ည ၇ နာရီမှစ၍ ယိမ်းအကများ၊ သင်္ကြန်တေး သီချင်းများ၊ သံချပ်အဖွဲ့များဖြင့် ဖျော်ဖြေခြင်း၊ နေ့စဉ် မဏ္ဍပ်တိုင်း၌ စတုဒိသာ ကျွေးမွေးလှူဒါန်းခြင်းများဖြင့် ကျင်းပမည်ဖြစ်သည်။

ဖျာပုံမြို့ပေါ်၌ ဗဟိုမဏ္ဍပ်၊ Dr. G မဏ္ဍပ်စသည့် ရေကစားမဏ္ဍပ်ကြီးများအပြင် ရပ်ကွက်အသီးသီး၌လည်း ရေကစားမဏ္ဍပ်ငယ်များ တည်ဆောက်ရန် စီစဉ်ဆောင်ရွက်နေကြကြောင်း သိရသည်။



၁၃၇၉ ခုနှစ် ဖျာပုံသင်္ကြန်ပွဲတော်မြင်ကွင်း

ဖျာပုံမြို့တွင် ပြည်သူများ ပျော်ရွှင်စွာ ရေသဘင်ပွဲ ဆင်နွှဲနိုင်ရန်အတွက် အကြိုညှိနှိုင်းအစည်းအဝေးကို မတ် ၂၆ ရက် မွန်းလွဲ ၂ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းထွင်၊ ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းစိုး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဦးနှင့် ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

**သူဇာနွယ် (ဖျာပုံ)**

## နေရပ်စွန့်ခွာလာသူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**မြောက်ဦး  မတ် ၂၇**
ရခိုင်ပြည်နယ် မင်းပြားမြို့နယ် ကျွန်းတောကျေးရွာရှိ ရွှေဖောင်တော ဘုန်းတော်ကြီးကျောင်း ကယ်ဆယ်ရေးစခန်းနှင့် ပန်းမြောင်းကျေးရွာအုပ်စု အောင်မင်္ဂလာ ဘုန်းတော်ကြီးကျောင်း ကယ်ဆယ်ရေးစခန်းတို့သို့ နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင် ခိုလှုံလာသူများအတွက် ထောက်ပံ့ ပစ္စည်းများပေးအပ်ပွဲကို မင်းပြားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် မတ် ၂၅ ရက် နံနက် ၁၁ နာရီက ကျင်းပသည်။

မြောက်ဦးခရိုင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ကယ်ဆယ်ရေးစခန်းများသို့ ထွက်ပြေးရောက်ရှိလာသူ အိမ်ထောင်စု ၁၀၄၁ စုတို့အတွက် ကျားလုံချည်၊ မလုံချည်၊ တဘက်နှင့် တီရှပ် ပစ္စည်းအမျိုးအစားလေးမျိုးတို့အား တာဝန်ရှိသူများက သွားရောက်ထောက်ပံ့ခဲ့ကြောင်း သိရသည်။

**မြောက်ဦး (ပြန်/ဆက်)**



တိုတိုထွာထွာဖတ်စရာ

### ကျေးရွာစာကြည့်တိုက် ကွင်းဆင်းဆောင်ရွက်

**တပ်ကုန်း**
နေပြည်တော် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်သည် ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးအတွက် မတ် ၂၆ ရက် နံနက် ၉ နာရီက တပ်ကုန်းမြို့နယ် အလည်ကျွန်းကျေးရွာ ကိုယ့်အားကိုယ်ကိုး မြကျွန်းသာစာကြည့်တိုက်သို့ ကွင်းဆင်းဆောင်ရွက်ကြသည်။

ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က ကျေးရွာပြည်သူများ၊ စာကြည့်တိုက်ကော်မတီများနှင့် တွေ့ဆုံပြီး ကျေးရွာစာကြည့်တိုက်ကို အကျိုးရှိရှိ အသုံးချတတ်စေရန်အတွက် ကော်မတီဝင်များက ကြိုးပမ်းဆောင်ရွက်ပေးရေး၊ စာအုပ်၊ စာစောင်အသစ် တိုးပွားရရှိရေးနှင့် စာငှား၊ စာဖတ်ပရိသတ်များလည်း တိုးပွားရရှိအောင် ဆောင်ရွက်ပေးရန်နှင့် စာအုပ်၊ စာစောင်အသစ်ရရှိရေးနည်းလမ်းများ ရှင်းလင်းဆွေးနွေးပြောကြားပြီး မြကျွန်းသာစာကြည့်တိုက်အတွက် သုတ၊ ရသစာအုပ်များ လှူဒါန်းခဲ့ကြောင်း သိရသည်။

**တင်စိုးလွင် (ပြန်/ဆက်)**

### စစ်တွေမြို့တွင် အစိုးရဓမ္မာစရိယစာမေးပွဲကျင်းပ

**စစ်တွေ**
၂၀၁၉ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲကို စစ်တွေမြို့ လောကနန္ဒာစေတီတော် ပရိဝုဏ်အတွင်းရှိ သာသနာ့ဗိမာန်တော်၌ မတ် ၂၆ ရက်မှစတင် ကျင်းပလျက်ရှိရာ စာဖြေသံဃာနှင့် သီလရှင် ၃၂၃ ပါး ဝင်ရောက်ဖြေဆိုလျက်ရှိသည်။ အဆိုပါ အစိုးရဓမ္မာစရိယစာမေးပွဲကို စစ်တွေစာဖြေဌာနတွင် မတ် ၂၆ ရက်မှဧပြီ ၄ ရက်ထိ ဖြေဆိုကြမည်ဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

### အင်းတကော်မြို့တွင် ကတ္တရာလမ်းသစ်ဖွင့်

**ပဲခူး**
ပဲခူးမြို့နယ် အင်းတကော်မြို့ သာယာအေးကျေးရွာတွင် မတ် ၂၆ ရက် နံနက်ပိုင်းက ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်ဖွံ့ဖြိုးရေးစီမံကိန်းသည် ထောက်ပံ့ငွေဖြင့် ဆောင်ရွက်ခဲ့သော ကတ္တရာလမ်းဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

အဆိုပါကတ္တရာလမ်းသည် အရှည်ပေ ၁၃၀၀၊ အကျယ် ၁၀ ပေ၊ အမြင့်ခြောက်လက်မရှိပြီး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ထောက်ပံ့ငွေကျပ် သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၈၇ ဒသမ ၅ သိန်း စုစုပေါင်း ငွေကျပ် ၁၈၇ ဒသမ ၅ သိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ် ကြောင်း သိရသည်။

**မျိုးသိန်း (ပဲခူး)**

## (၇၄)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များ ဖြန့်ဝေ

**မော်လိုက်**
စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ်တွင် မတ် ၂၇ ရက် နံနက်ပိုင်းက မြို့မဈေးကြီးအတွင်းရှိ ဈေးရောင်း၊ ဈေးဝယ်ပြည်သူများ၊ ခရီးသွားပြည်သူများအား (၇၄)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များကို မော်လိုက်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းဦးခမ်းနှင့် ဝန်ထမ်းများက ဖြန့်ဝေခဲ့ကြကြောင်း သိရသည်။

**မော်လိုက်သားလေး**

**ရန်ကုန်**
ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများသည် မတ် ၂၇ ရက် နံနက် ၉ နာရီခွဲက (၇၄) နှစ်မြောက် တပ်မတော်နေ့ သတင်းစကားလက်ကမ်းစာစောင်များကို ကားမှတ်တိုင်၊ လူစည်ကားသောနေရာ၊ ရုံးရှေ့တွင် ဖြန့်ဝေခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**ကျွန်းစု**
တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် မတ် ၂၇ ရက် နံနက်ပိုင်းက (၇၄)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များကို ကမ်းနားလမ်းနှင့် ကျွန်းစုမြို့မဈေး၌ လမ်းသွားလမ်းလာ ပြည်သူများအား ဖြန့်ဝေခဲ့ကြောင်း သိရသည်။


**စည်သူရအောင်(ပြန်/ဆက်)**



## စာအုပ်စာပေ လူ့မိတ်ဆွေ

စာအုပ်စဥ်ကဏ္ဍ

### စာကောင်းပေကောင်းရဲ့အရသာ





စာရေးဆရာ ချစ်နိုင်(စိတ်ပညာ) စီစဉ်ရေးသားသည့် စာကောင်းပေကောင်းရဲ့အရသာ စာအုပ်ထွက်ရှိလာသည်။

စာပေဗဟုသုတခေါင်းပါး၍ မသေသင့်ဘဲသေရတာ၊ ဒုက္ခမရောက်သင့်ဘဲရောက်ရသည်များရှိသောကြောင့် စာပေကိုဖတ်ရှုလေ့လာသင့်ကြောင်း ရေးသားသည်။ စာပေတွင် သုတအကြားအမြင်များစွာပါဝင်ကာ မသိသေးသည်များကို သိရသည်၊ မမြင်ဖူးတာတွေမြင်ရသည်။ စာရေးဆရာကြီး ရွှေဥဒေါင်း (မှီငြမ်းပြုစုသည့်)အကြံဉာဏ်ဖြင့် ကြီးပွားနည်းစာအုပ်ကို ဖွတ်ဖွတ်ညက်ညက်ကြေအောင် ဖတ်ပြီး လက်တွေ့ကျင့်သုံးလိုက်နသည့်အခါ ရွှေဆိုင်ပိုင်ရှင်ကြီးဖြစ်လာသည့် တကယ့်ဖြစ်ရပ်မှန်များကို ရေးသားထားသောကြောင့် စာကောင်းပေကောင်းများကို ဖတ်ရှုခြင်းဖြင့် လက်တွေ့အကျိုးထူး ခံစားနိုင်သည်။

**စာအုပ်ကို နိုင်စာပေ၊ အမှတ်-၁၅၀၊ ရတနာလမ်းမကြီး၊ ရတနာအိမ်ရာ၊ တိုင်းရင်းသားကျေးရွာအနီး၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့၊ဖုန်း- ၀၉ ၅၅၀၃၂၅၄ နှင့် ၀၉ ၇၃၂၂၄၅၂၄ တို့မှ တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိသည်။**

### နှလုံးသားလေးဆယ်





စာရေးသူ ခင်မေခ စီစဉ်ရေးသားသည့် နှလုံးသားလေးဆယ် စာအုပ်ထွက်ရှိလာသည်။

စာရေးသူ၏ မိတ်ဆွေအပေါင်းအသင်းတွေ၊ သူငယ်ချင်းတွေ၊ ပတ်ဝန်းကျင်မှာ ဖြစ်ပျက်နေတာတွေကို စာရေးသူ၏နှလုံးသားထဲမှာ ထိခိုက်ခံစားမိရင် စာဖြင့်အသွင်ပြောင်းခြင်းဖြစ်သည်။ အဆိုပါစာအုပ်တွင် ရိုးရာမပျက်တဲ့မြေ၊ ယဉ်ကျေးမှု အလျော်အစား၊ ဉယျာဉ်မှူးများနှင့် ပန်းကလေးများ၊ ရင်တွင်းနာ၊ ငယ်စာရင်း ဖျက်လေရော့သလား၊ မြို့လယ်ကမဏ္ဍပ်၊ အဖေ(သို့) ကျွန်မ၏ စံပြပုဂ္ဂိုလ်၊ ရင်ခွင်ဦး၊ နှလုံးသားကျော့ကွင်း၊ ပြန်ပေးပါ၊ မှန်မကြိုက်တော့တဲ့ ရှက်ကြမ်းရေကျို၊ လုတစ်မျက်နှာ ယဉ်တစ်ကိုယ်လုံး၊ အလှတွင်အယဉ်ဆင့် အမြင်တင့်စေချင် စသည့် ဆောင်းပါးအပုဒ်ပေါင်း ၄၀ကို ဖော်ပြထားသဖြင့် လေ့လာ ဖတ်ရှုသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

**စာအုပ်ကို ဖုန်း-၀၉ ၂၅၀၀၉၁၉၁၃ သို့ဆက်သွယ်၍ တန်ဖိုးငွေကျပ် ၂၅၀၀ဖြင့် ဝယ်ယူနိုင်သည်။**

### Microsoft Office အသုံးပြုနည်းလမ်းညွှန်




ကွန်ပျူတာပညာ စိတ်ဝင်စားသူများ လေ့လာနိုင်စေရန် နေလင်းထက် (အိုင်တီလမ်းညွှန်) စီစဉ်ရေးသားသည့် Microsoft Office အသုံးပြုနည်းလမ်းညွှန်စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် အွန်လိုင်းပေါ်၌ Microsoft Office ပညာကို သင်ကြားပြသကြသော အင်္ဂလိပ်နှင့် မြန်မာ ဆရာပေါင်းများစွာထဲမှနည်းလမ်းများကိုအခြေခံပြီး စာရေးသူ၏ မိမိလေ့လာမှတ်သားခဲ့ဖူးသမျှ Microsoft Office ပညာကို စုစည်းဖော်ပြထားခြင်း ဖြစ်သည်။ Microsoft Word စာစီစာရိုက်ပြုလုပ်နည်း၊ Microsoft Excel စာရင်းဇယားပြုလုပ်နည်း၊ Microsoft Power Point ဆိုင်ရာပြုလုပ်နည်းများကို ဖော်ပြထားသဖြင့် ကွန်ပျူတာလေ့လာနေသူများအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန်ရည်ရွယ်၍ ရေးသားထားခြင်းဖြစ်သည်။

**စာအုပ်ကို ရန်အောင်စာပေ၊ အမှတ် (H)၊ အထက(၁) ရန်ကင်းကျောင်းရှေ့ ၁၂-လုံးတန်းမှတ်တိုင်အနီး၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့. ဖုန်း-၀၉ ၅၁၇၉၃၉၈ နှင့် ၀၉ ၇၃၂၄၃၈၅၁ တို့မှ တန်ဖိုးငွေကျပ် ၅၀၀၀ဖြင့် ဖြန့်ချိသည်။**

### ကလေးများအတွက် စိတ်တွက်သင်္ချာ Level -1




ကလေးသူငယ်များ သင်္ချာစွမ်းရည်မြင့်မားလာစေရန် ဒေါက်တာရတနာလင်းဦး စီစဉ်ရေးသားသည့် ကလေးများအတွက် စိတ်တွက်သင်္ချာ Level -1 စာအုပ်ထွက်ရှိလာသည်။

ကလေးသူငယ်များ၏ ဉာဏ်ရည်ဉာဏ်သွေးမြင့်မားတိုးတက်လာမှုသည် ယင်းတို့၏မိဘ၊ ဆရာသမားများနှင့် ပတ်ဝန်းကျင်မှ အတွေ့အကြုံများပေါ်တွင် များစွာမူတည်ပေသည်။ ထို့ကြောင့် ကလေးသူငယ်များဦးနှောက်ကို အလုပ်လုပ်ပေးနိုင်ရန်လိုအပ်ပြီး အမြဲသင်ယူလေ့လာရန် အားပေးသင့်သည်။ သင်္ချာပုစ္ဆာများကို ဖြေရှင်းခွင့်ပေးခြင်း၊ လေ့လာသင်ယူခွင့်ပေးခြင်းတို့ဖြင့် ကလေးငယ်များ၏ ဉာဏ်ရည်ဉာဏ်သွေးများ မြင့်မားလာနိုင်သည်။ အဆိုပါစာအုပ်တွင် ကလေးသူငယ်များ ဉာဏ်ရည်မြင့်မားလာစေရန် သင်္ချာပုစ္ဆာများဖော်ပြပေးထားသဖြင့် ကလေးငယ်များ လေ့လာသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။ **စာအုပ်ကို-မဇ္ဈိမစာပေ၊ အမှတ်- ၂၃၇၊ ပထမထပ်၊ ၃၉-လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့.ဖုန်း-၀၉ ၇၇၃၇၇၄၇၃၃ နှင့် ၀၁- ၈၃၉၂၈၃၅ တို့မှ တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိသည်။**

# မြို့ပြနှင့် ဒေသဖွံ့ဖြိုးရေးစီမံကိန်း ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်း ဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**ယမန်နေ့မှအဆက်**

(ဃ) စီမံကိန်းခွင့်ပြုမိန့် တစ်ခုခုကြောင့် ထိခိုက်နစ်နာကြောင်း ဖော်ပြလျှောက်ထားလာသည့် အယူခံလွှာများကို ကြားနာစစ်ဆေးခြင်းနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြနိုင်ရန် လမ်းညွှန်ကြပ်မတ်ခြင်း၊

(င) မြို့ပြနှင့်ဒေသဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ခြင်းနှင့်စပ်လျဉ်း၍ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့် မြို့ပြနှင့်ဒေသဖွံ့ဖြိုးရေးကော်မတီများအား ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း။

**အခန်း(၆)**

**ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များ**

၁၀။ ဝန်ကြီးဌာန၏ မြို့ပြနှင့်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းဆိုင်ရာ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မြို့ပြနှင့်ဒေသ ဖွံ့ဖြိုးရေးဆိုင်ရာ မူဝါဒများကို ရေးဆွဲ၍ ဗဟိုကော်မတီမှတစ်ဆင့် ပြည်ထောင်စုအစိုးရသို့ တင်ပြခြင်း၊

(ခ) မြို့ပြနှင့်ဒေသ ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒများ၊ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရေးအတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း၊

(ဂ) ပြည်ထောင်စုအစိုးရထံသို့ အတည်ပြုပေးရန် ဦးစီးဌာနတင်ပြသည့် ဖွံ့ဖြိုးရေးစီမံကိန်းများကို စိစစ်၍ ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(ဃ) ဖွံ့ဖြိုးရေးစီမံကိန်းဆိုင်ရာ နည်းပညာဖွံ့ဖြိုးရေး၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် သုတေသနလုပ်ငန်းများ ထူထောင်ခြင်းနှင့် အားပေးဆောင်ရွက်ခြင်း၊

(င) နိုင်ငံတစ်ဝန်းတွင် ဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းနှင့် လုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရေးအတွက် နည်းပညာနှင့် ကျွမ်းကျင်မှု အကူအညီများပေးအပ်ခြင်း၊

(စ) ဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း၊ အတည်ပြုခြင်းနှင့် လုပ်ငန်းအကောင်အထည်ဖော်ခြင်းများနှင့် စပ်လျဉ်း၍ လိုက်နာရမည့် မြို့ပြစီမံကိန်းဆိုင်ရာ အခြေခံအဆောက်အအုံဆိုင်ရာနှင့် အဆောက်အဦးဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်း၊ လမ်းညွှန်ချက်၊ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ခြင်း၊

(ဆ) မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းပညာရပ် ကျွမ်းကျင်သူကိုဖြစ်စေ၊ အဖွဲ့အစည်းကိုဖြစ်စေ အရည်အချင်း၊ လုပ်ငန်းအသိအမှတ်ပြုသတ်မှတ်ချက်၊ လက်မှတ်များထုတ်ပြန်ခြင်း၊

(ဇ) သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်လာပါက အဆိုပါ ဒေသများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဒေသဆိုင်ရာကော်မတီများနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း။

**အခန်း(၇)**

**မြို့အတန်းအစားသတ်မှတ်ခြင်းနှင့် ဖွံ့ဖြိုးရေး စီမံကိန်းအမျိုးအစားများ ခွဲခြားသတ်မှတ်ခြင်း**

၁၁။ (က) ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် နိုင်ငံတော်အတွင်းရှိ မြို့များကို “က”၊ “ခ”၊ “ဂ”၊ “ဃ” သို့မဟုတ် “င” ဟူ၍ အတန်းအစား သတ်မှတ်ရမည်။

(ခ) ပုဒ်မခွဲ (က)အရ အတန်းအစားသတ်မှတ်ရာတွင် အောက်ပါ အခြေခံသတ်မှတ်ချက် စံနှုန်းများနှင့်အညီ ဆောင်ရွက်ရမည် -

(၁) မြို့၏တည်နေရာ၊ မြို့ပြလုပ်ငန်းဆောင်တာများ၊ မြို့၏ ဖွဲ့စည်းတည်ဆောက်ပုံနှင့် လူမှုစီးပွားဖွံ့ဖြိုးမှုအခြေအနေ၊

(၂) လူဦးရေနှင့် အကျယ်အဝန်း၊

(၃) လူဦးရေသိပ်သည်းမှု၊

(၄) စိုက်ပျိုးရေး မဟုတ်သည့် လုပ်ငန်းခွင်တွင် အလုပ်အကိုင်ရရှိမှု၊

(၅) သဘာဝအရင်းအမြစ် ရရှိနိုင်မှုနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှု၊

(၆) ထူးခြားသော ဝိသေသ လက္ခဏာများ။

၁၂။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ပုဒ်မ ၁၁ ပုဒ်မခွဲ (က) အရ သတ်မှတ်သော မြို့အတန်းအစားကို လူမှုစီးပွား ဖွံ့ဖြိုးမှုအပေါ်မူတည်၍ အခါအားလျော်စွာ ပြင်ဆင်သတ်မှတ်နိုင်သည်။

၁၃။ ဖွံ့ဖြိုးရေးစီမံကိန်းများ၏ အမျိုးအစားကို အောက်ပါအတိုင်း ခွဲခြားသတ်မှတ်သည် -

(က) အမျိုးသား မြို့ပြစနစ် စီမံကိန်း၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မြို့ပြစနစ်စီမံကိန်း၊

(ဂ) မြို့ပြဖွံ့ဖြိုးရေး သဘောထားစီမံကိန်း၊

(ဃ) ပင်မ မြို့ပြစီမံကိန်း၊

(င) အသေးစိတ် မြို့ပြစီမံကိန်း၊

(စ) စီမံကိန်းတည်နေရာ၊ မြေဧရိယာ၊ ရင်းနှီးမြှုပ်နှံမှုပမာဏ၊ လူဦးရေပမာဏ၊ မြေအသုံးချမှုစသည့် စီမံကိန်းစံညွှန်းဖြင့် သတ်မှတ်ထားသော မြို့သစ်စီမံကိန်း၊ မြို့တိုးချဲ့ခြင်းစီမံကိန်း၊ မြို့ပြပြန်လည်ဆန်းသစ်ခြင်းစီမံကိန်း၊ စက်မှုဇုန်စီမံကိန်း စသည့် စီမံကိန်းများ၊

(ဆ) အထူးဖွံ့ဖြိုးရေးနယ်မြေ၏ စီမံကိန်း၊

(ဇ) နည်းပညာပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံစီမံကိန်း။

၁၄။ ဝန်ကြီးဌာနသည် ပုဒ်မ ၁၃ ပါ ဖွံ့ဖြိုးရေးစီမံကိန်း အမျိုးအစားတစ်ခုချင်းစီတွင် ပါဝင်ရမည့် အကြောင်းအရာ၊ စကေးဖော်ပြချက်၊ ဖွံ့ဖြိုးရေးစီမံကိန်းပုံစံ၏ စီမံကိန်းကာလနှင့် အရေးပါမှုအခန်းကဏ္ဍများကို လိုအပ်သလို သတ်မှတ်နိုင်သည်။

၁၅။ ပုဒ်မ ၁၃ ပါ ဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲပြုစုရာတွင် အောက်ပါအချက်အလက်များကို အခြေခံရမည် -

(က) လူမှုစီးပွားဖွံ့ဖြိုးရေး၊ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ နိုင်ငံတော်၏ မဟာဗျူဟာများ၊ အတည်ပြုထားသော ဒေသအတွင်း မြို့ပြဖွံ့ဖြိုးရေးမဟာဗျူဟာ မူဘောင်များနှင့် အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းကဲ့သို့သော ကဏ္ဍအလိုက် လုပ်ငန်းအစီအမံများ၊ အမျိုးသားမြို့ပြစနစ်စီမံကိန်း မူဘောင်၊ ဒေသန္တရအဆင့် တည်ဆောက်ရေးစီမံကိန်းများနှင့် တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ် မြို့ပြစနစ်စီမံကိန်းမူဘောင် စသည့် စီမံကိန်းများ၊

(ခ) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးစီမံကိန်းများ၊

(ဂ) မြို့ပြနှင့်ဒေသဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းဆိုင်ရာ စံနှုန်းများနှင့် ကဏ္ဍအလိုက် စံနှုန်းများ၊

(ဃ) မြေတိုင်းတာရေးနှင့် မြေပုံထုတ်လုပ်ရေး ကျွမ်းကျင်ပညာရှင်နှင့် အဖွဲ့အစည်းများမှ ပုံထုတ်ရေးဆွဲသော မြေမျက်နှာသွင်ပြင်ပြမြေပုံများ၊

(င) သက်ဆိုင်ရာဒေသများ၊ ကဏ္ဍများနှင့်ပတ်သက်သည့် လူမှုစီးပွားဆိုင်ရာ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ သတင်းအချက်အလက်များနှင့် စာရွက်စာတမ်းများ၊

(စ) ယဉ်ကျေးမှုအမွေအနှစ်၊ သဘာဝပတ်ဝန်းကျင်၊ လူမှုရေးဆိုင်ရာ လက္ခဏာများနှင့် ဒေသဆိုင်ရာလမ်းညွှန်ချက်များ။

၁၆။ အမျိုးသား မြို့ပြစနစ်စီမံကိန်းသည် နိုင်ငံတော်အတွင်း မြို့အသီးသီး၏ မြို့ပြဖွံ့ဖြိုးရေးဦးတည်ချက်ကို ညွှန်ပြခြင်းနှင့် ထိန်းကွပ်ခြင်းပြုရန်အတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လိုက်နာရမည့် မြို့ပြနှင့် ဒေသဖွံ့ဖြိုးရေး စီမံကိန်းဆိုင်ရာ အခြေခံတစ်ခုဖြစ်ပြီး ၎င်းစီမံကိန်းတွင် အောက်ပါအချက်အလက်များ ပါဝင်ရမည် -

(က) နိုင်ငံအတွင်း ဖွံ့ဖြိုးမှုအလားအလာ အများဆုံးရှိသည့် မြို့ကြီး၊ မြို့ငယ်များ၊ အဓိကသယ်ယူပို့ဆောင်ရေးလမ်းကြောင်းအတွင်းရှိ လမ်းဆုံမြို့များ၊ နယ်စပ်မြို့များ၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဆောင်ရွက်နိုင်သည့်ဒေသများ စသည်တို့ကို ရွေးချယ်ဖော်ပြခြင်း၊

(ခ) နိုင်ငံတော်အတွင်း အဓိကသုံးစွဲနေသော ကားလမ်း၊ ရထားလမ်း၊ ကုန်းတွင်းဆိပ်ကမ်း၊ ပင်လယ်ရေနက်ဆိပ်ကမ်း၊ လေဆိပ်စသည့် သယ်ယူပို့ဆောင်ရေးစနစ်နှင့် လမ်းကြောင်းများကို စီမံကိန်းတွင် ဖော်ပြ၍ ထပ်မံတိုးချဲ့သင့်သည့် လမ်းကြောင်းများကို အဆိုပြုခြင်း၊ သွားလာရေးခက်ခဲသော အရပ်ဒေသများအတွက် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ အခြေခံအဆောက်အအုံများ လိုအပ်မှုကို ထည့်သွင်းဖော်ပြခြင်း၊

(ဂ) စားနပ်ရိက္ခာအတွက် လယ်ယာမြေ ကာကွယ်စောင့်ရှောက်ခြင်း၊ သဘာဝအရင်းအမြစ် ထုတ်ယူသုံးစွဲမှုကို စောင့်ကြပ်ကြည့်ရှုခြင်း၊ သစ်တောထိန်းသိမ်းခြင်း၊ ဒီရေတောနှင့် ရွံ့ညွန်ဧရိယာထိန်းသိမ်းခြင်း၊ ဇီဝမျိုးစုံမျိုးကွဲစနစ် ထိန်းသိမ်းခြင်း၊ သမိုင်းနှင့် ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာဒေသများ သတ်မှတ်ခြင်း၊ သဘာဝမြေမျက်နှာသွင်ပြင်နှင့် မြေယာရှုခင်း ပြုပြင်ထိန်းသိမ်းခြင်းစသည့် နိုင်ငံတော်အတွင်း ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်နေသည့် ဒေသများနှင့် ပြန်လည်ပြုစုပျိုးထောင်ရန် လိုအပ်နေသည့် ဒေသများကို ဖော်ပြခြင်း၊

(ဃ) နိုင်ငံတော်အတွင်း တည်ရှိနေသော လူနေမြို့၊ ရွာများကို အမျိုးအစားအလိုက် ခွဲခြားဖော်ပြခြင်း၊ ယင်းသို့ဖော်ပြရာတွင် မြို့များ၏ လက်ရှိအုပ်ချုပ်မှုအခြေအနေ၊ ကျန်းမာရေးဝန်ဆောင်မှု၊ ပညာရေးဝန်ဆောင်မှု၊ သောက်သုံးရေနှင့် လျှပ်စစ်မီးရရှိရေး၊ သယ်ယူပို့ဆောင်ရေးစနစ်၊ ဆက်သွယ်ရေးဝန်ဆောင်မှု၊ အပန်းဖြေအနားယူမှုကဏ္ဍ စသည်ဖြင့် ပြည်သူလူထုသို့ ဖြည့်ဆည်းပေးနေသော အခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုစနစ်စသည်တို့ကိုဖော်ပြခြင်း၊

(င) မြို့ရွာအသီးသီးတွင် လူဦးရေဖြန့်ကြက်နေထိုင်မှုပုံစံနှင့် အနာဂတ်လူဦးရေကို ခန့်မှန်းဖော်ပြခြင်း၊

(စ) အထက်ပါ စီမံကိန်းတွင် ဖော်ပြချက်များကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး မဟာနည်းဗျူဟာများဖော်ပြခြင်း။

၁၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မြို့ပြစနစ်စီမံကိန်းတွင် အောက်ပါအချက်အလက်များ ပါဝင်ရမည်-

(က) ဤဥပဒေပုဒ်မ ၁၆ ပါ အချက်များပါဝင်သော စီမံကိန်းကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွက် ရေးဆွဲရမည်ဖြစ်ပြီး ယင်းသို့ရေးဆွဲရာတွင် အမျိုးသား မြို့ပြစနစ်စီမံကိန်းနှင့် ကိုက်ညီမှုရှိခြင်း၊

(ခ) ၎င်းစီမံကိန်းတွင် ပါဝင်သော လုပ်ငန်းများအတွက် လိုအပ်သည့် ငွေကြေးပမာဏ၊ လုပ်ငန်းတစ်ခုချင်းစီအတွက် ငွေကြေးရရှိနိုင်သည့်နည်းလမ်း စသည်တို့အပါအဝင် မြေပြင်တွင် လက်တွေ့အကောင်အထည်ဖော်ခြင်း လုပ်ငန်းအစီအစဉ်များကို ဖော်ပြခြင်း၊ လိုအပ်သော စွမ်းရည်ပြုစုပျိုးထောင်ခြင်း လုပ်ငန်းရပ်များကို ထည့်သွင်းဖော်ပြခြင်း၊

(ဂ) ယင်းလုပ်ငန်း အကောင်အထည်ဖော်မှုအပေါ် ကြီးကြပ်စစ်ဆေးသော နည်းစနစ်များကို ထည့်သွင်းဖော်ပြခြင်း၊ လုပ်ငန်းအောင်မြင်မှု မျှော်မှန်းရလဒ်များကို တိုင်းတာသည့် အညွှန်းကိန်းများ ပါဝင်စေခြင်း။

၁၈။ မြို့ပြဖွံ့ဖြိုးရေး သဘောထား စီမံကိန်းတွင် ပါဝင်ရမည့် အကြောင်းအရာ၊ စီမံကိန်းသက်တမ်းနှင့် အရေးပါမှု အခန်းကဏ္ဍတို့မှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ယင်းစီမံကိန်းတွင် မြို့တစ်မြို့၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ရည်ရွယ်ချက်များ၊ အဓိကတွန်းအားများနှင့် ကန့်သတ်ချက်များ၊ လူဦးရေ၊ မြေအကျယ်အဝန်း၊ လူမှုရေးနှင့် နည်းပညာပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံစံချိန်စံညွှန်းများ၊ မြေအောက်နေရာများ၊ ရေပြင်ဧရိယာနေရာများ အပါအဝင် မြို့၏အတွင်းပိုင်း ဧရိယာများနှင့် ဆင်ခြေဖုံးအရပ်ဒေသများ၏ ဖွံ့ဖြိုးမှုပုံစံနှင့် မြို့ကွက်ဖွဲ့စည်းတည်ဆောက်မှု၊ မြို့ပြမြေယာရှုခင်း အသွင်အပြင်၊ မြို့အတွင်းရှိ လုံခြုံရေးနှင့် စီမံအုပ်ချုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှု၊ ယဉ်ကျေးမှု၊ ပညာရေး၊ ကျန်းမာရေးနှင့် လေ့ကျင့်သင်ကြားရေး ဌာနများ၊ စိမ်းလန်းမြေနှင့် ပန်းခြံများ၊ ကာယလေ့ကျင့်ရေးနှင့် အားကစားဆိုင်ရာအဆောက်အအုံများ၊ မြို့နယ်နိမိတ်အတွင်း နည်းပညာပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံများကို မြို့ပြဖွံ့ဖြိုးရေး မျှော်မှန်းချက်မူဘောင်အတွင်း ပေါင်းစပ်ညှိနှိုင်းရေးဆွဲရမည်။ ပတ်ဝန်းကျင်ဆိုင်ရာ အကဲဖြတ်မှု၊ ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများလုပ်ဆောင်ရာတွင် ဦးစားပေးရင်းနှီးမြှုပ်နှံမှု အစီအစဉ်များနှင့် သဘာဝအရင်းအမြစ် အသုံးပြုမှု အစီအမံများ စသည်တို့ကိုလည်း ထည့်သွင်းဖော်ပြရမည်။

(ခ) ယင်းစီမံကိန်းတွင် ဖွံ့ဖြိုးရေးစီမံကိန်း လုပ်ဆောင်ခြင်းကို အားပေးမြှင့်တင်မည့် နယ်မြေများနှင့် ထိန်းချုပ်မည့်နယ်မြေများ၊ ထိန်းသိမ်းစောင့်ရှောက်ရမည့်နေရာများ၊ မြို့ပြဖွံ့ဖြိုးရေး အရန်မြေ၊ ကြားခံနယ်မြေ၊ ကွက်လပ်မြေတို့ကို ပြည့်စုံစွာ ဖော်ပြရမည်။

(ဂ) ယင်းစီမံကိန်းသည် နောင်လာမည့် နှစ် ၅၀ အတွက် မြို့၏အလားအလာနှင့် မျှော်မှန်းချက်များ ထည့်သွင်းရေးဆွဲထားသော စီမံကိန်းဖြစ်ပြီး သက်တမ်းကို ၁၀ နှစ်မှ နှစ် ၃၀ အထိ သတ်မှတ်နိုင်သည်။

(ဃ) အတည်ပြုပြီးဖြစ်သည့် မြို့ပြဖွံ့ဖြိုးရေး သဘောထားစီမံကိန်းသည် ယင်းမြို့အတွက် နည်းပညာပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံ စီမံကိန်းရေးဆွဲခြင်း၊ ဇုန်အလိုက် မြို့ပြစီမံကိန်းရေးဆွဲခြင်း၊ အသေးစိတ် မြို့ပြစီမံကိန်းရေးဆွဲခြင်းနှင့် ဦးစားပေးရင်းနှီးမြှုပ်နှံမှု စီမံကိန်းများ ဆောင်ရွက်ရန်အတွက် အခြေခံမူဘောင်ဖြစ်စေရမည်။

(ဆက်လက်ဖော်ပြပါမည်)

C B BANK

လေးစားအပ်ပါသော CB Bank ၏ မိတ်ဟောင်း၊မိတ်သစ် Customer များအား CB Bank ကမာရွတ်(ဂျပ်ဆင်တာဝါ) ဘဏ်ခွဲ အသစ်ကိုဖွင့်လှစ်၍ ဘဏ်လုပ်ငန်း ဝန်ဆောင်မှုများအားဆောင်ရွက်ပေးနေပြီဖြစ်ပါကြောင်းသတင်းကောင်းပါးအပ်ပါသည်။




## ကမာရွတ် (ဂျပ်ဆင်တာဝါ)ဘဏ်ခွဲ

အမှတ်(၅၈၇)၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

Tel : (95) **01 539 492**
Fax : (95) **01 539 554/ 539 756/ 539 845**
Email : **kamaryut-jst-br@cbbank.com.mm**

# အထူးဝမ်းမြောက်ဂုဏ်ယူခြင်း

၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်၊ (၇၁) နှစ်မြောက်၊ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော် သမ္မတရုံး၏ အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၁၉ ဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ ညောင်ပင်သာကျောင်းတိုက်၊ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကြီး၏ ဦးစီးပဓာန နာယက **ဘဒ္ဒန္တမာလာစာရ (ဓမ္မာစရိယ)** အား **မဟာကမ္မဋ္ဌာနာစရိယ** ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသည့်အတွက် အထူးဝမ်းမြောက်ဂုဏ်ယူရပါကြောင်းနှင့် အမျိုးဘာသာသာသနာ့အကျိုးကို စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် ရှိခိုးပူဇော်ကန်တော့၍ ဝမ်းမြောက်မိပါသည်ဘုရား။

တပည့် ဒါယကာ၊ ဒါယိကာမများ

၁။ TA-FA TRADING CO., LTD.
၂။ NOBLE BEAUTY BUSINESS GROUP CO., LTD.
၃။ THREE GOLD STAR MANUFACTURING CO., LTD.
၄။ SEVEN DIAMOND DRAGON TRADING CO., LTD.
၅။ BRIGHT BEAUTY TRADING CO., LTD.
၆။ အေးမေတ္တာ သစ်ဆိုင်နှင့် မုဒိတာ သက်န်းတိုက်
၇။ KZO (သံချောင်းနှင့်ဘိလပ်မြေရောင်းဝယ်ရေး)




## အထူးဝမ်းမြောက်ဂုဏ်ယူခြင်း

အသေးစား၊ အငယ်စား နှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီမှ ကြီးမှူးပြီး နေပြည်တော်တွင် ကျင်းပပြုလုပ်ခဲ့သော နိုင်ငံတော်အဆင့် အသေးစား၊ အငယ်စား နှင့် အလတ်စား MSME ပြပွဲနှင့် ပြိုင်ပွဲ (အသေးစားစီးပွားရေးလုပ်ငန်း)တွင် ရွှေဘိုဖြိုးသမီး သနပ်ခါးမှ ပထမဆုကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခြင်း အတွက် မြန်မာနိုင်ငံ သနပ်ခါး စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းမှ အထူးဝမ်းမြောက် ဂုဏ်ယူ ပါကြောင်းနှင့် ဆက်လက်၍ မြန်မာနိုင်ငံသနပ်ခါးကဏ္ဍ တိုးတက်ရေးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း မေတ္တာပို့သအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံသနပ်ခါးစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့ မြေတိုင်းရပ်ကွက်အမှတ်၊ ၁၆/ညောင်ပင်ကြီးစုရပ်၊ ညောင်ပင်ကြီးစုကွက်သစ်မှ မြေဧရိယာ(၀.၀၈၂)ကေရှိ ဦးလှညွန့် [၃/ဘအန(နိုင်)၀၀၇၇၁၆]၊ အဖအမည်၊ ဦးခင်လှအမည်ပေါက် ပါမစ်မြေကွက်အမှတ် (ပ.၃၈၂) ကို ဒေါ်မျိုးသန္တာမိုး[၉/ပမန(နိုင်)၂၃၃၁၇၈]၊ အဖအမည်၊ ဦးအောင်နိုင်စိုးမှ မြေပေးမိန့်မိတ္တူ၊ မြေကွက်အရောင်းအဝယ်စာချုပ်မိတ္တူ၊ မြေကွက်ရောင်းချသူ၏ တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဝယ်သူ၏ တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ဝန်ခံကတိပြုချက်များတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချုပ်ဆိုပေးပါရန် လျှောက်ထားလာမှုအား ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါကဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၁)၊ မြေကွက်အမှတ်(၆အေ/၁-၁)၊ ၈-၃၁၅ စကေးမြေကွက်တည်နေရာအမှတ်-၅၃၁-A၊ မဟာသာမိခြင်းရိပ်သာလမ်း၊ (၈)ရပ်ကွက်၊ (မြေပိုင်မြေ)အမည်ပေါက်-ဦးမောင်မောင်အုံး(၁၂/ကမရ(နိုင်)၀၃၄၀၅၄)မြေအား အမည်ပေါက်ကွယ်လွန်သဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်-၁၁၆၈/၂၀၁၆(၂၆-၁၀-၂၀၁၆)ပိုင်ဆိုင်သူဒေါ်တင်နု(၁၂/ကမရ(နိုင်)၀၃၄၁၆၈)ကအမည်ပြောင်းလျှောက်ထားရာတွင် ၂၀၁၆ခုနှစ်တွင်ထုတ်ယူခဲ့သောအရောင်းမြေပုံမူရင်းသည် ပျောက်ဆုံးသွားပါသဖြင့်အဆိုပါမြေပုံမူရင်းသည်ပျောက်ဆုံးသွားသည်မှာမှန်ကန်ကြောင်း အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှရောင်းချပေါင်နှံပေးကမ်းခြင်းလွှဲပြောင်းခြင်း အာမခံအဖြစ်တင်သွင်းထားခြင်းလုံးဝမရှိကြောင်းနှင့်ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါက ကိုယ်တိုင်တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း ၂၇-၂-၂၀၁၉ရက်စွဲဖြင့် ကျမ်းကျိန်ဆိုထားသည့်ကျမ်းကျိန်လွှာ အမည်ပေါက်စာချုပ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုထားသည့်ပိုင်ဆိုင်စာရွက်စာတမ်း [illegible] ၍ဒေါ်တင်နုထံမှ GP [illegible] (၁၂/ကမရ(နိုင်)၀၅၆၅၃၃) [illegible] ရှိကြောင်းနှင့် [illegible] ၂၀-၂-၂၀၁၉ရက်စွဲဖြင့်ကျမ်းကျိန်ဆိုထားသည့်ကျမ်းကျိန်လွှာတို့ဖြင့်အမည်ပြောင်းလျှောက်ထားလာရာ တရားဝင်ပိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ်-၄၈၇(စ)၊ မြေကွက်တည်နေရာ-၄၈၇(စ)၊ မြေယာကုန်းလမ်း၊ (၉)ရပ်ကွက်၊ ရွှေပြည်သာဦးစန်းလွင်(၁၂/မဂတ(နိုင်)၀၄၀၃၅၁)အမည်ပေါက်နှစ်(၆၀)ဂရန်မြေမြေအားအမည်ပေါက်ဦးစန်းလွင်(၁၂/မဂတ(နိုင်)၀၄၀၃၅၁)ကိုယ်တိုင်မူရင်းပျောက်ဆုံးကြောင်းရပ်ကွက်အုပ်ချုပ်ရေးမှူး [illegible] ကျမ်းကျိန်လွှာကိုယ်တိုင်ကတိဝန်ခံချက်တင်ပြ၍ဂရန်မိတ္တူလျှောက်ထားလာရာတရားဝင်ပိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၀-အနော်ရထာ)၊ မြေကွက်အမှတ်(E2,E3)၊ ဧရိယာ(၆.၆၇၆)ဧက၊ အမည်ပေါက် Smart Co.,Ltd မြေကွက်အမှတ် (E6)၊ ဧရိယာ(၄.၂၉၃)ဧက၊ အမည်ပေါက် အာရှမြန်မာထိပ်တန်း (စိုက်/မွေး) ကုမ္ပဏီလီမိတက်၊ မြေကွက်အမှတ်(E7,E8)၊ ဧရိယာ(၄.၃၃၃)ဧက၊ အမည်ပေါက် Top Success Co.,Ltd မြေကွက်အမှတ်(E9,E10)၊ ဧရိယာ(၄.၃၃၃)ဧက၊ အမည်ပေါက် အာရှမြန်မာထိပ်တန်း (ရေလုပ်ငန်း)ကုမ္ပဏီလီမိတက်တို့ဖြစ်ပြီး၊ မြေအမျိုးအစားမှာ စက်မှုလိုင်စင်မျိုးဖြစ်သည်။

ဖော်ပြပါ မြေတိုင်းရပ်ကွက်အမှတ်(၂၀-အနော်ရထာ)၊ မြေကွက်အမှတ်(E2, E3, E6, E7, E8, E9, E10)တို့အား ၎င်းတို့ထံမှ အရောင်းအဝယ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူခဲ့သူ Top Focus Investment Co.,Ltdမှ အဆောက်အအုံဆောက်လုပ်ရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း)အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေတိုင်းနှင့်မြေစာရင်းမှတ်တမ်းဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ဒေါ်ခင်ဆွေဦး
**(စာရေးဆရာမကြီး)**
**အသက် (၈၇) နှစ်**

ရန်ကုန်မြို့နေ စာရေးဆရာကြီးမဟာဆွေ(ဦးဘဆွေ)နှင့် (ဒေါ်ကြည်ကြည်)တို့၏သမီး၊ (ဦးထင်အောင်)-ဒေါ်ခင်ဆွေအေးတို့၏ အစ်မ၊ မြောက်ဒဂုံ၊ (၃၄) ရပ်ကွက်၊ သရဖီ(၅) လမ်း၊ အိမ်အမှတ် (၅၅၇)နေ ဦးမောင်မောင်စော-ဒေါ်ပုလဲတို့၏ မိခင်၊ စောချိုဦး၊ လပြည့်အေးချမ်း၊ စိန်ယင်းမာတို့၏ အဘွားဖြစ်သူ ဒေါ်ခင်ဆွေဦး(စာရေးဆရာမကြီး)သည် ၂၇-၃-၂၀၁၉ ရက် ည ၁၀း၁၅ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ၂၉-၃-၂၀၁၉ ရက် ညနေ ၆ နာရီတွင် ရေဝေးသုသာန် ခန်းမ(၁)၌ မီးသင်္ဂြိုဟ်မည်ဖြစ်ကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားပါသည်။

ကျန်ရစ်သူမိသားစု

## ဦးစိုးမြင့်
**လ/ထ ညွှန်ကြားရေးမှူး (ငြိမ်း)၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန**
**အသက် (၇၈) နှစ်**

ရန်ကုန်မြို့ တာမွေမြို့နယ်နေ (ဦးစိန်-ဒေါ်မိုး)တို့၏သားကြီး၊ ဦးအောင်နိုင်ဦး (လ/ထညွှန်မှူး၊ နိုင်ငံတော်သမ္မတရုံး)-ဒေါက်တာဒေါ်သီဂီစိုးမြင့်(ကထိက၊ သတ္တဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)၊ (ဒေါ်သီရိစိုးမြင့်)၊ ဒေါ်သဇင်စိုးမြင့် (International School Myanmar)တို့၏ကျေးဇူးရှင်ဖခင်ကြီး၊ မအိမ်ဦးသွယ်(TTC)၏အဘိုး၊ ဒေါ်ကြည်ကြည်စိမ်း၊ ဒေါ်စန်းစန်းစိမ်း၊ ဒေါ်တင်တင်စိမ်း၊ ဒေါ်ချိုချိုစိမ်း၊ ဒေါ်ကျော့ကျော့စိမ်း၊ ဦးခင်မောင်ဝင်း၊ ဦးထွန်းထွန်းတို့၏ အစ်ကိုကြီးသည် ၂၆-၃-၂၀၁၉ (အင်္ဂါနေ့) ည ၇း၅၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၁၉ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (စမ်းချောင်းမြို့နယ်၊ မဟာမြိုင်ရဲရိပ်သာမှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၄-၂၀၁၉ (တနင်္လာနေ့) နံနက် ၈ နာရီတွင် စမ်းချောင်းမြို့နယ်၊ မဟာမြိုင်ရဲရိပ်သာ၊ အမှတ်(၄၅)၊ လေးလွှာနေ ဦးအောင်နိုင်ဦး-ဒေါက်တာ ဒေါ်သီဂီစိုးမြင့်တို့၏ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်လှလှညွှန့် (မြစ်သားမြို့)
**အသက် (၈၇) နှစ်**

ပါမောက္ခ ဒေါက်တာဒေါ်တင်ဌေးအိ (ဌာနမှူး၊ ဥပဒေပညာဌာန၊ ရန်ကုန်အဝေးသင်တက္ကသိုလ်)၏မိခင်ဖြစ်သူ ဒေါ်လှလှညွှန့်သည် ၂၂-၃-၂၀၁၉ (သောကြာနေ့) နံနက် ၂း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**၁၉၈၂ ခုနှစ်မှ ၁၉၉၉ အထိ ဒဂုံတက္ကသိုလ်**
**ဥပဒေဌာနကျောင်းသား/ကျောင်းသူဟောင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ကြီးတင်
**အသက် (၈၄) နှစ်**

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ စက်မှုအင်ဂျင်နီယာဌာန ဦးလှမျိုးသန်း(အင်ဂျင်နီယာမှူး)-ဒေါ်တင်တင်ဝင်းတို့၏ ချစ်လှစွာသောမိခင်သည် ၂၆-၃-၂၀၁၉ (အင်္ဂါနေ့)တွင် ရန်ကုန်မြို့နေအိမ်၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အင်ဂျင်နီယာချုပ်(စက်မှု)နှင့်**
**အရာထမ်း၊ အမှုထမ်းများ**
**စက်မှုအင်ဂျင်နီယာဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးစိုးမြင့်
**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)**
**အလုပ်သမားညွှန်ကြားရေးဦးစီးဌာန**
**အသက် (၇၈) နှစ်**

ဦးအောင်နိုင်ဦး (လ/ထ ညွှန်မှူး၊ နိုင်ငံတော်သမ္မတရုံး)-ဒေါက်တာသီဂီစိုးမြင့် (ကထိက၊ သတ္တဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)တို့၏ ချစ်လှစွာသော ကျေးဇူးရှင်ဖခင်ကြီး ဦးစိုးမြင့်သည် ၂၆-၃-၂၀၁၉ (အင်္ဂါနေ့) ည ၇း၅၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာဇော်မြင့်(ညွှန်ချုပ်)-အန်တီဝေ**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာသံဒိုင်
**အသက် (၇၄) နှစ်**
**ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း)၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**အတွင်းရေးမှူး (၁၉၉၉-၂၀၀၆)၊ မြန်မာနိုင်ငံတိရစ္ဆာန်ဆေးပညာကောင်စီ**

ရန်ကုန်မြို့ ဗဟန်းမြို့နယ်၊ အမှတ်(၅၄)၊ ကိုယ့်မင်းကိုယ်ချင်းလမ်းနေ ဒေါ်မြကျင်၏ချစ်လှစွာသောခင်ပွန်း ဒေါက်တာသံဒိုင်သည် ၂၆-၃-၂၀၁၉ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌ နှင့် ကောင်စီဝင်များ**
**မြန်မာနိုင်ငံတိရစ္ဆာန်ဆေးပညာကောင်စီ**

# သင့်သွေးဖြင့် အသက် ကယ်ပါ

## ဦးတင်လှိုင်
**လက်ထောက်စက်ရုံမှူး-ငြိမ်း၊ မီးခြစ်စက်ရုံအမှတ်(၂)**
**အသက် (၈၇) နှစ်**

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ အမှတ်(၉၅၅)၊ မြဝတီလမ်းနေ (ဦးဘချိန်-ဒေါ်ဆုံ)တို့၏သား၊ (ဦးအုန်းမောင်-ဒေါ်ချစ်တင်) တို့၏ သားသမက်၊ (ဒေါ်ခင်စန်းရီ)၏ခင်ပွန်း၊ ဒေါ်ဝင်းဝင်းနိုင်၏ဖခင်၊ မောင်ပြည့်ဖြိုးဟန်-မလဲ့ရည်မွန်မွန်တို့၏အဘိုး၊ တူ/တူမ ကိုးယောက်တို့၏ဦးလေးသည် ၂၇-၃-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၃-၂၀၁၉ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၄-၂၀၁၉ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ အမှတ်(၉၅၅)၊ မြဝတီလမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ခင်စောမြင့် (ဒေါ်နီ)
**အသက် (၈၂) နှစ်**

ရန်ကုန်မြို့ ဆိပ်ကမ်းမြို့နယ်၊ မိသားစုရပ်ကွက်(ဗိုလ်တထောင်ဘုရားအနီး)၊ အမှတ် (၅၅၇)နေ၊ (ဦးထွန်းတင်)၏ ဇနီး၊ ဒေါ်နုနုဝေ၊ ဦးအောင်ဆွေထွန်း-ဒေါ်သိုမီဝင်း၊ ဦးခင်မောင်လွင်-ဒေါ်ချိုချိုလွင်၊ ဒေါ်မြင့်မြင့်ခိုင်၊ ဒေါ်နိုင်နိုင်ထွန်း၊ ဦးလှရှိန်- ဒေါ်လှိုင်လှိုင်ထွန်း၊ ဦးမြင့်လွင်နှင့် ဦးကိုကိုနိုင်တို့၏ ချစ်လှစွာသော မိခင်ကြီးသည် ၂၇-၃-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၃-၂၀၁၉(သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။ ကွယ်လွန်သူအား ရည်စူး၍ ၃၁-၃-၂၀၁၉(တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးအေးမြင့်
**ဌာနစုမှူး-ငြိမ်း၊ လမ်း/တံတားဌာန၊**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**
**အသက် (၈၀)**

ရန်ကုန်မြို့ အမှတ်(၄၁၉)၊ တိုက်(A)၊ မဟာနဝရတ်ကွန်ဒို၊ လမ်း(၅၀)၊ (၅)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်နေ (ဦးကျော်ညွှန့်-ဒေါ်ရင်ရွှေ)တို့၏သား၊ ဒေါ်ရင်ရွှေ၏ခင်ပွန်း၊ ဦးသန့်ဇင်-ဒေါ်ခင်လေးငယ်၊ ဦးစိုးဟန်-ဒေါ်စန္ဒာစိုး၊ ဦးထွန်းလင်း-ဒေါ်သီဂီဝင်း၊ ကိုဝင်းခိုင်တို့၏ဖခင်၊ မရတီလင်းလဲ့၊ မဝတီလင်းလဲ့တို့၏အဘိုး၊ ဦးကျော်ကျော်ညွှန့်၊ ဒေါ်ရီရီမေ (တရားလွှတ်တော်ရှေ့နေ)၊ ဦးဝင်းလှိုင်-ဒေါက်တာသီတာထွေး(မွေး/ရေ)၊ ဦးမောင်မောင်-ဒေါ်နီနီလှိုင်တို့၏ ဦးလေး၊ မြေးလေးယောက်တို့၏ ဘိုးလေးသည် ၂၆-၃-၂၀၁၉ (အင်္ဂါနေ့) ညနေ ၆း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

**စလင်းမြို့နယ်အသင်း(ရန်ကုန်)**
## ဒေါ်ခင်မိမိ (စလင်း)
**အသက် (၁၀၁) နှစ်**

ရန်ကုန်မြို့ တာမွေမြို့နယ်၊ မလွှကုန်းဌေးကြွယ်(က)ရပ်ကွက်၊ သမ္မာဒိဋ္ဌိလမ်း၊ အမှတ်(၆၂)နေ ဒေါ်ခင်မိမိ(သက်ကြီးကန်တော့ခံ)သည် ၂၆-၃-၂၀၁၉ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၁၉ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းဝင်အပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့
စလင်းမြို့နယ်အသင်း (ရန်ကုန်)

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်လှလှမြင့်(ခ)ဒေါ်မြင့်မြင့်
**အသက် (၆၈)နှစ်**

ရန်ကုန်မြို့ သာကေတမြို့နယ်၊ (၈)ရပ်ကွက်၊ ဂန္ဓမာအထက်လမ်း၊ အမှတ် (၆၁၂)နေ ဦးတင်ရွှေ-(ဒေါ်မြနှစ်)တို့၏ သမီးချွေးမ၊ (ဦးညွှန့်မောင်-ဒေါ်ကြည်)တို့၏ သမီး၊ ဒေါ်မြဝင်း၏ညီမ၊ (ဦးဝင်းထိန်)၏ချစ်လှစွာသောဇနီး၊ ဦးကျော်ကျော်သန်း-ဒေါ်ညိုညိုထွန်း၊ ဦးငွေမင်းခိုင်-ဒေါ်သန်းသန်းခိုင်၊ မမေစန္ဒာဝင်းထိန် (AGD Bank)တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ ဦးအုန်းလှိုင်-ဒေါ်မြင့်လှိုင်၊ ဦးသန်းအောင်-ဒေါ်နီလာဝင်း၊ ဦးသက်ခိုင်-ဒေါ်သဇင်ဝင်း၊ ကိုအောင်ကိုကိုဝင်း-မအိသန္တာကျော်တို့၏အဒေါ်၊ မြေးငါးယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၂၆-၃-၂၀၁၉ (အင်္ဂါနေ့) နံနက် ၅း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ကျိုစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၄-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌ အိပ်ပျော်ခြင်း**
## ဦးစောဟုတ်စွမ်မော်
**အသက် (၇၃) နှစ်**

ရန်ကုန်မြို့ အလုံမြို့နယ်၊ ကရင်ခြံရပ်ကွက်၊ အမှတ်(၄၁၈)၊ အောက်ကြည့်မြင်တိုင်လမ်းနေ စောထူးဂေးဝါး-နော်ယုမွန်လှအေး၊ နော်စေးဂေးဝါး-စောအယ်ဂေးလယ်၊ စောနေလွင်-နော်ခီတူးရာတို့၏ ချစ်လှစွာသောဖခင်၊ နော်ခရစ်စတီးနာဒွေး၊ နော်ထရီးဇာဒွေး၊ စောအယ်ဗိုင်းယန်ဝါး၊ စောအယ်ဂျေးစန်ဝါး၊ စောနေသန်လွင်တို့၏ချစ်လှစွာသောအဘိုး၊ ဒေါ်နော်နိုးလီယာဒွေး၏ ချစ်လှစွာသောခင်ပွန်းသည် ၂၅-၃-၂၀၁၉ ရက် နံနက် ၅း၄၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၉-၃-၂၀၁၉ ရက် နံနက် ၉ နာရီတွင် ဗင်တန်ဘုရားကျောင်း၌ ဝတ်ပြုပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဦးတင်လင်းကျော် (ရွှေဂူနန်း)
**အသက် (၅၆) နှစ်**
**ရွှေဂူနန်းကျောင်းသားဟောင်း**

ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ရွှေဂူနန်းမြို့နေ (ဦးကျော်အေး)-ဒေါ်သိန်းတင်တို့၏သား၊ (ဦးရွှေဇျိုင်း-ဒေါ်စိန်သန်း)တို့၏ သားသမက်၊ ဒေါ်အေးသိန်းဦး-ဦးအေးအောင်၊ ဒေါက်တာတင်ဝင်းကျော်-ဒေါ်ခင်စန်းရီတို့၏မောင်၊ ဦးတင်မိုးကျော်-ဒေါ်မိုးရီ၊ မတင်ခက်ခက်ကျော်တို့၏အစ်ကို၊ ကျော်လင်းဦး၊ မထက်ထက်လင်းကျော်တို့၏ဖခင်၊ ဒေါ်အေးအေးမြင့်၏ချစ်လှစွာသောခင်ပွန်း ဦးတင်လင်းကျော်သည် ၂၇-၃-၂၀၁၉ ရက် နံနက် ၆း၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ရွှေဂူနန်းမြို့သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၂-၄-၂၀၁၉ ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ရွှေဂူနန်းကျောင်းသူ၊ ကျောင်းသားဟောင်း (ရန်ကုန်)

# အနိစ္စ

## ဒေါ်သန်းညွှန့်
**ဦးစီးအရာရှိ (ငြိမ်း)၊ တရားရုံးချုပ်**
**အသက် (၈၁) နှစ်**

(ဝဏ္ဏကျော်ထင်ဦးပုစစ်-ဒေါ်အေးကြည်)တို့၏ သမီး၊ (ဒေါ်သန်း)၏တူမ၊ (ဒေါ်တင်နု)၏ ညီမ၊ (ဦးဆင်ကြီး-ဒေါ်မြညွှန့်)တို့၏ သမီးချွေးမ၊ စမ်းချောင်းမြို့နယ်၊ ဖျာပုံလမ်း၊ (ပ) ထပ်၊ အမှတ်(၂၄)နေ ဦးလှအောင် (အထက-၃၊ ကြည့်မြင်တိုင်-ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ ကိုစည်သူထွန်း-မဥမ္မာအောင်၊ ကိုစန်းမြင့်-မစောယုအောင်၊ မသင်းစုစုအောင်တို့၏ ကျေးဇူးရှင်မိခင်၊ မောင်ဝေယံအောင်၊ မငွေခြူးငယ်၊ မမြနှင်းအေး၊ မဖြူသွယ်ထွန်း၊ မနွေးထွေးလဝန်းတို့၏အဘွား ဒေါ်သန်းညွှန့် သည် ၂၆-၃-၂၀၁၉ ရက် ည ၁၁း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၃-၂၀၁၉ ရက် မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေအပေါင်းတို့အား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**
## ဆရာမ ဒေါ်ခင်မမကြီး (ခ) ခတီဂျာဘီ
**အသက် (၇၆) နှစ်**
**B.A, B.Ed, M.A(Q II), I.F.L (ENG)**
**အထက်တန်းပြ(ငြိမ်း)၊ အ.ထ.က(၂) ပန်းဘဲတန်း၊ အ.ထ.က(၄) တာမွေ**

ကော့ကရိတ်မြို့နေ (ရှေ့နေဦးဘဇီ-ဒေါ်ခင်လေး)တို့၏ သမီးကြီး၊ (ဦးအောင်တင်-ဒေါ်မိုးစိန်)တို့၏ သမီးချွေးမ၊ ဦးစိန်မြ (ဒုတက-ငြိမ်း၊ မြို့တော်ဝန် မာရသွန် သက်ကြီးတန်း)၏ ချစ်လှစွာသောဇနီး၊ (ဦးအောင်တင်)-ဒေါ်ခင်ခင်သိန်း၊ ဒေါ်ခင်ထွေးရီ (အထက-၂၊ တာမွေ၊ ငြိမ်း)၊ ဦးဘချို(သချော်)-ဒေါ်လီလီတို့၏ ချစ်လှစွာသောအစ်မကြီး၊ ဦးနန္ဒာလင်း(ခ) ထွန်းလင်း-ဒေါ်တင်မြင့် (ခ) Ma Mon Nee (J.D.Pools)တို့၏ ချစ်လှစွာသောမိခင်၊ မောင်မင်းထက်ဗိုလ် (တ-နှစ်၊ နိုင်ငံတကာဆက်ဆံရေး)၊ မောင်ဝေယံဗိုလ် (ပ-နှစ်၊ ကုန်ထုတ်ဓာတုဗေဒ)တို့၏ ချစ်လှစွာသောဘွားဘွားသည် ၂၆-၃-၂၀၁၉ ရက် ည ၁၀း၁၅ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ၂၇-၃-၂၀၁၉ ရက်တွင် ဇဟိုရ်နမာဇ်အပြီး ရေဝေးကဘာရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဒုတိယဗိုလ်မှူးကြီး အောင်ဟိန်းမြတ် (ငြိမ်း)
**ဗသက (၅၉)**
**အသက် (၇၁) နှစ်**

ရန်ကုန်မြို့ မော်ဘီမြို့နယ်၊ တပ်ကြီးကုန်းရပ်ကွက်၊ စိတ္တသုခလမ်း၊ အမှတ် (၃၆၀)နေ ဒေါ်သောင်းသောင်းအေး၏ ခင်ပွန်း၊ ကိုသက်ဆွေဦး-မသန္တာဦး၊ မခင်အေးအေးမြတ်(DICA)၊ ဗိုလ်ကြီးရဲရင့်ဟိန်းမြတ်(ပ.လ.သ)-ဒေါ်ထက်နန္ဒာဦးတို့၏ဖခင်၊ မောင်ခန့်ရဲရင့်နောင်၏အဘိုးသည် ၂၅-၃-၂၀၁၉ (တနင်္လာနေ့) ညနေ ၆း၁၅ နာရီတွင် အမှတ်(၁) တပ်မတော်ဆေးရုံ (ခုတင်-၁၀၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် တပ်ကြီး ကုန်းသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၃၁-၃-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ခင်မိမိ (စလင်း) (ဆ-သ-ရ၊ ငြိမ်း)
**အသက်(၁၀၁)နှစ်**

ရန်ကုန်မြို့ တာမွေမြို့နယ်၊ မလွှကုန်းဌေးကြွယ်(က)ရပ်ကွက်၊ သမ္မာဒိဋ္ဌိလမ်း၊ အမှတ်(၆၂)၊ ပထမထပ်(ခေါင်းရင်း)နေ (ဦးအေးကြီး-ဒေါ်အေးလှိုင်)တို့၏ သမီးထွေး၊ [ဦးသန်းမောင် (စက်ရှင်တရားသူကြီး-ငြိမ်း)]၏ ချစ်လှစွာသောဇနီး၊ ဒေါ်လှလှသန်း(ဥပဒေအကျိုးဆောင်)၊ ဦးခင်မောင်သန်း-ဒေါ်ဆွေဆွေမြင့်၊ ဒေါ်ခင်ခင်သန်း၊ (မောင်စိုးသန်း)တို့၏ ချစ်လှစွာသောမိခင်၊ ဒေါက်တာဇင်မောင်မောင်သန်း၊ မောင်သူရိန်မောင်မောင်သန်း(ခေတ္တ-ဂျပန်)တို့၏ ချစ်လှစွာသောဘွားဘွားကြီးသည် ၂၆-၃-၂၀၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၁၉ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးသန်းထွန်း (သစ်စက်) သဃ်္ဃန်းကျွန်း
**အသက် (၈၄) နှစ်**

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ရိပ်သာလမ်း၊ အမှတ်(၅၇၉)နေ (ဦးဘဝါ-ဒေါ်သန်းကြည်)တို့၏ သား၊ [ဦးစိုးမြင့်(ရေခဲစက်)]-ဒေါ်ကြည်ကြည်ဝင်း၊ [ဦးထွန်းလှအောင်(ကြီးကြပ်ရေးမှူး-ငြိမ်း၊ မြန်မာ့စီးပွားရေးဘဏ်)-ဒေါ်ချစ်တင်(လ/ထ ကြီးကြပ်ရေးမှူး-ငြိမ်း၊ မြန်မာ့စိုက်ပျိုးရေးဘဏ်)]၊ ဦးခင်လှိုင်(စာရင်းစစ်အရာရှိ-ငြိမ်း၊ စာရင်းစစ်ချုပ်ရုံး)-ဒေါ်သက်သက်နွယ်တို့၏ အစ်ကိုကြီး၊ ဗိုလ်မှူးအောင်မင်းနိုင်-ဒေါ်စိုးကလျာ၊ ဒေါက်တာဇင်မင်းစိုး (လ/ထ ညွှန်ကြားရေးမှူး၊ တီဘီနှင့်အနာကြီးရောဂါဌာန)၊ ဦးအောင်ကျော်မိုး [Residence Engineer (P.Com) Singapore]-ဒေါ်သီဂီစိုး(Singapore)၊ ဦးစိုးဝင်းထွန်း၊ ဦးနေဝင်းစိုး-ဒေါ်သူဇာမြင့်၊ ဦးဇော်ဝင်းထွန်း (Star Light Engineering Group)-ဒေါ်ဝင်းလဲ့လဲ့အောင်(Royal Three Star Co., Ltd)၊ ဦးဇေယျာမြင့်ဦး-ဒေါ်ဝါဝါခင်လှိုင်၊ ကိုဉာဏ်ဟိန်း၊ ကိုထက်ကောင်း (ခေတ္တ-ဂျပန်၊ Yanminn Line)၊ မရွှေပိုးအိမ် (Big Impact Co.,Ltd)တို့၏ဘကြီး၊ မြေး ၁၀ ယောက်တို့၏အဘိုးသည် ၂၇-၃-၂၀၁၉ ရက် နံနက် ၉ နာရီတွင် ကွယ်လွန်သွားပါ သဖြင့် ၂၉-၃-၂၀၁၉ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန် သူအားရည်စူး၍ ၂-၄-၂၀၁၉ (အင်္ဂါနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
## ဒေါက်တာသံဒိုင်
**အသက်(၇၄)နှစ်**
**ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)**
**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

ရန်ကုန်မြို့ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးအနောက်ရပ်ကွက်၊ အမှတ် (၅၄)၊ ကိုယ့်မင်းကိုယ်ချင်းလမ်းနေ (ဦးဟုတ်သျှောင်-ဒေါ်ထွေးရင်)တို့၏ သား၊ (ဦးမောင်မောင်လွင်-ဒေါ်တင်လှ)တို့၏ သားသမက်၊ ဒေါ်မြကျင်၏ ခင်ပွန်း၊ ကိုမောင်မောင်ဇော်၊ မမေသန်းအေး၊ ကိုအောင်သူမျိုး-မနန္ဒာအေး၊ မခင်သီတာမြတ်တို့၏ ချစ်လှစွာသောမွေးသဖခင်၊ မောင်ကောင်းခန့်ဟိန်း၏ အဘိုးသည် ၂၆-၃-၂၀၁၉ (အင်္ဂါနေ့) နံနက် ၁၀း၁၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၄-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးစိုးမောင်
**(မြန်မာ့ရေလုပ်ငန်း)**
**အသက် (၆၂) နှစ်**

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်၊ (စ)ရပ်ကွက်၊ သန္တာ (၆)လမ်း၊ အမှတ်(၄၁၀)နေ [ဦးသိန်းဟန်(ခ)ဦးမြခင်-ဒေါ်သိန်းမြင့်]တို့၏သား၊ (ဦးတင်ရှိန်-ဒေါ်စိန်စိန်)တို့၏ သားသမက်၊ ဦးမြင့်လွင်-ဒေါ်ခင်စန်းမြင့်၊ (ဦးတင်စိုး)-ဒေါ်သန်းသန်းရီတို့၏ ညီ/မောင်၊ ဦးမြင့်တင်-ဒေါ်သိန်းသိန်းရီ၊ ဒေါ်ခင်စန်းတင့်၊ ဒေါ်ခင်စန်းဝင်း (စိမ့်စိမ့်စတိုး)၊ ဦးညီညီအောင်-ဒေါ်ခင်စန်းထွေး၊ ဦးသန်းအောင်-(ဒေါ်သင်းသင်းခိုင်)တို့၏အစ်ကို၊ [ဒေါ်သင်းသင်းရှိန်(ခ)မိငယ်]၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်ကိုကိုနိုင်-ဒေါ်နှင်းဝတ်ရည်စိုး၊ မအေမီမီမောင်တို့၏ မွေးသဖခင်၊ တူ/တူမ ကိုးယောက်တို့၏ ချစ်လှစွာသောဦးလေး၊ မြေး နှစ်ယောက်တို့၏ ချစ်လှစွာသောအဘိုးသည် ၂၆-၃-၂၀၁၉ (အင်္ဂါနေ့) ညနေ ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၁၉ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၄-၂၀၁၉ (တနင်္လာနေ့) နံနက်တွင် မြောက်ဥက္ကလာပမြို့နယ်၊ (စ)ရပ်ကွက်၊ သန္တာ(၆)လမ်း၊ အမှတ်(၄၁၀)နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမြင့်နွယ်
**ဒု-စက်ရုံမှူး (ပုပ္ပါး-ပိုဗိုလန်စက်ရုံ)**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**အသက် (၅၆) နှစ်**

ချောက်မြို့ (၁၅)ရပ်ကွက်၊ ရတနာအိုင့်ရပ်နေ ဦးစိန်-ဒေါ်တင်ရီတို့၏သား၊ ချောက်မြို့ (၁၁)ရပ်ကွက်၊ ဗဟိုကွက်သစ်ရပ်နေ ဦးအောင်သိန်း-ဒေါ်အေးခတို့၏ သားသမက်၊ မန္တလေးမြို့ ပတ္တမြားလမ်း၊ အမှတ်(ဒ-၉/၄၆)နေ ဒေါ်တင်တင်အေး၏ ချစ်လှစွာသောခင်ပွန်း၊ မမိုးသံလွင်မောင်(ခ)ချစ်စနိုး၏ ကျေးဇူးရှင်ဖခင် ဦးမြင့်နွယ်သည် ၂၄-၃-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၃း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၃-၂၀၁၉ (အင်္ဂါနေ့) ညနေ ၅ နာရီတွင် ချောက်မြို့ မြေနီကုန်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

